# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 24 September 2024 ၁၁၅၉၀


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိ**

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ်လွိုင်ကော်မြို့နယ်နှင့် လွိုင်လင် လေးမြို့နယ်တို့တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆



ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာ၌ တပ်မတော်သားများနှင့်တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

## ယနေ့ ဖတ်စရာ




တောင်ဖျားဆီက မိုးညို့ညို့နှင့် ရေလှောင်တမံ၊ ရေပိုလွှဲများ... ဆောင်းပါး စာမျက်နှာ » ၆

ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၁၀

အလေးထားကာကွယ်ရမည့် သတင်းတု၊ သတင်းမှား အန္တရာယ် ဆောင်းပါး စာမျက်နှာ » ၁၈



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၆ ) ရက်သာ လိုတော့သည်။

ကြေးမုံ

# ဝံသာနုရက္ခိတတရားဖြင့် နိုင်ငံ့အကျိုးသယ်ပိုး

ဝံသာနုရက္ခိတတရားဆိုသည်မှာ "မိမိနိုင်ငံနှင့် လူမျိုးကို အစဉ်စောင့်ရှောက်ခြင်း"ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဝံသာနုရက္ခိတစိတ်ဓာတ်ဖြင့် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် သယ်ပိုးထမ်းဆောင်ခဲ့သော သမိုင်းအစဉ်အလာကောင်းများရှိ၏။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက အဆိုပါစိတ်ဓာတ်ဖြင့် ကြိုးပမ်းခဲ့သလို လွတ်လပ်ရေးရပြီးနောက်တွင်လည်း နိုင်ငံနှင့် လူမျိုးအကျိုးအတွက် အဆိုပါစိတ်ဓာတ်ဖြင့်ပင် စောင့်ရှောက်ပေးလျက်ရှိသည်။

ထို့အပြင် မြန်မာတို့၏ ပင်ကိုစိတ်ရင်းတွင် နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသောစိတ်ဓာတ်ဖြင့် ကျရောက်နိုင်မည့် ဘေးအန္တရာယ်များနှင့် ဒုက္ခအခက်အခဲများကို ကာကွယ်ပေးလိုသည့်စိတ်ဓာတ်များ အပြည့်ရှိကြသည်။ ကိုယ်ချင်းစာနာစိတ်ထားနှင့် အချင်းချင်းရိုင်းပင်းကူညီလိုသော မေတ္တာတရားများသည် မြန်မာလူမျိုးများတွင် ဖြစ်ပေါ်လေ့ရှိသော ဝံသာနုရက္ခိတတရားဖြစ်သည်။ အရေးကြီးလျှင် သွေးစည်း၊ အရေးကြုံလျှင် သွေးဆုံကြသည့် စိတ်ထားများမှာ ဝံသာနုရက္ခိတ တရားအပေါ်တွင် အခြေခံသည်။ ဤစိတ်ဓာတ်များဖြင့်ပင် အခက်အခဲများကို ကျော်ဖြတ်လာခဲ့ကြသည်။

လက်ရှိကာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြုံတွေ့ခံစားနေကြရသော ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပေါ်တွင် တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်အားမာန်များဖြင့် ဆောင်ရွက်ကြသည်ကို တွေ့ရသည်။ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် ဒေသခံပြည်သူ ၁၄၈၆၄၃ ဦး ဘေးဒုက္ခရောက်ကြရပြီး ပြည်သူ ၃၈၄ ဦး သေဆုံးခဲ့သည်။ ပျောက်ဆုံးနေသူ ၈၉ ဦးရှိပြီး ကျွဲ၊ နွားနှင့်အခြားတိရစ္ဆာန်ကောင်ရေ ၁၄၄၉၉၈ ကောင် သေဆုံးခဲ့သည်။ နေအိမ်အဆောက်အအုံစုစုပေါင်း ၁၄၁၆၂၇ လုံး ပျက်စီးခဲ့ပြီး အခြားအခြေခံအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့သည်။

သဘာဝဘေးအန္တရာယ်ကို ကြိုတင်အသိပေးခဲ့သော်လည်း ပုံမှန်ဖြစ်စဉ်မျှသာ ထင်မှတ်မိပြီး ညပိုင်းအချိန် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရုတ်တရက်တောင်ကျရေ၊ မြစ်ရေ၊ ချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းမှုကြောင့် ဒေသခံပြည်သူများ ရှောင်ရှားချိန်မရဘဲ အဖြစ်ဆိုးများနှင့်ကြုံခဲ့ရသည်။ အချို့ဒေသခံပြည်သူများမှာ အရှိန်ပြင်းထန်သည့် ရေစီးကြောင်းတွင် မျောပါသေဆုံးခဲ့ရပြီး အသက်ရှင်ကျန်ရစ်သော ဒေသခံပြည်သူများမှာ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် အသက်ရှင်သန်နိုင်အောင် ရုန်းကန်ကြိုးစားခဲ့ရသည်။ အဆိုပါဒေသများတွင် နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း မကြုံဖူးအောင် ဆိုးရွားပြင်းထန်သည့် သဘာဝဘေးအန္တရာယ်ဟုဆိုကြသည်။

သဘာဝဘေးအန္တရာယ် ကြုံတွေ့ကြရသူများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းပြည်သူများက သက်စွန့်ဆံဖျား ကူညီကယ်ဆယ်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရက ရေဘေးသင့်ပြည်သူများကို အရေးပေါ်တုံ့ပြန် အလျင်အမြန်ကူညီကယ်တင်ခဲ့သည်။ နိုင်ငံတစ်ဝန်းမှ စေတနာရှင်ပြည်သူများက ရေဘေးသင့်ဒေသအသီးသီးသို့ ချက်ချင်းလာရောက်ကြပြီး စားသောက်ဖွယ်ရာများနှင့် အထောက်အပံ့ပစ္စည်းများ ဖြည့်ဆည်းပေးခဲ့ကြသည်။ အလှူငွေများ ပေးပို့လှူဒါန်းကြသည်။ ယင်းတို့သည် မြန်မာတို့၏ အစဉ်အလာမပျက်သော ဝံသာနုရက္ခိတတရားများဖြစ်သည်။

သဘာဝဘေးဒဏ်သင့်ကြသူများအတွက် အဓိကလိုအပ်ချက်မှာ ကူညီစောင့်ရှောက်မှုများနှင့် မူလအခြေအနေမပျက် ပြန်လည်တည်ဆောက်ပေးရေးဖြစ်သည်။ ထိုအရေးကို အလျင်အမြန်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေ၊ အလှူငွေရရှိရေးသည် အရေးအကြီးဆုံးဖြစ်သည်။ စက်တင်ဘာလ ၂၁ ရက်နေ့က ရေဘေးဒဏ်ခံခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို နေပြည်တော်မြို့တော်ခန်းမ၌ လှူဒါန်းပေးအပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများ လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အလှူငွေများ လှူဒါန်းမှုနှင့်ပတ်သက်၍ "စုပေါင်းအားဖြင့် ကျော်လွှားရမှာဖြစ်ကြောင်း၊ လှူဒါန်းသည့် ၃၁ ဘီလီယံကျော်သည် နည်းသည့်ပိုက်ဆံမဟုတ်ကြောင်း၊ ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့လှူဒါန်းမှုသည် နိုင်ငံ၏ဝန်တစ်ခုကို တစ်စိတ်တစ်ပိုင်းတာဝန်ယူပေးလိုက်ခြင်းဖြစ်ကြောင်း၊ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသည့် အလှူရှင်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးကို ထပ်လောင်းကျေးဇူးတင်ကြောင်း၊ နောင်တွင်လည်း တိုင်းပြည်၏ လိုအပ်ချက်များရှိလာသည့်အခါတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံနှင့်လူမျိုး ကြုံတွေ့ကြရသည့် စိန်ခေါ်မှုအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးတို့မှ လွန်မြောက်ရေး၊ တိုင်းပြည်အကျိုးကို ရှေးရှုဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် နိုင်ငံသူ နိုင်ငံသားများ ဝံသာနုရက္ခိတတရားများမွေးမြူပြီး နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲ၍ စုပေါင်းအားဖြင့် ကျော်ဖြတ်ကြရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၆/၂၀၂၄ (မန္တလေး)၊ ၄၃/၂၀၂၄ (ရန်ကုန်)၊ ၄၄/၂၀၂၄ (ရန်ကုန်)၊ ၄၈/၂၀၂၄ (ရန်ကုန်)၊ ၄၉/၂၀၂၄ (မွန်)၊ ၅၁/၂၀၂၄ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၅/၂၀၂၄ (ရှမ်း)၊ ၃၁/၂၀၂၄ (မန္တလေး)၊ ၅၀/၂၀၂၄ (မွန်)၊ ၅၄/၂၀၂၄ (ပဲခူး)၊ ၆၃/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၇၀၅ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၂၃-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၅-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅,၇၀၅ ခု အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀ တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀.၂၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကိုယ်တိုင်လည်း အဖြစ်မရှိ၊ ကူညီသူသာ ဝေဖန်ပြစ်တင်လျက် ပြည်ဖျက် PDF"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၂၄၅ | ၂,၁၅၆,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၃၅၉ | ၁,၂၂၃,၅၅၀ |
| MCB | ၈,၈၀၀ | ၈,၈၀၀ | ၅ | ၄၄,၀၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၃၈,၀၃၈ | ၆၈,၉၇၀,၃၀၀ |
| TMH | ၂,၈၀၀ | ၂,၈၅၀ | ၁၈၀ | ၅၀၅,၅၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၅၅၇ | ၉၄၉,၇၅၀ |
| AMATA | ၄,၆၀၀ | ၄,၅၀၀ | ၇ | ၃၂,၀၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၁,၀၀၀ | ၃,၄၅၀,၀၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၃၀ | ၁,၀၉၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

ဟိုပုံး စက်တင်ဘာ ၂၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဟိုပုံးမြို့နယ် စံဖူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

### လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်

ဦးစွာ ဟိုပုံးမြို့ နောင်တောင်းပရဟိတ တပ်ဦးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တရာဇိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြကာ ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားရာ နေရပ်ဒေသအသီးသီး၌ အမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေး၊ စက်ယန္တရားများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သောက်သုံးရေရရှိရေး၊ ကျောင်းများပြန်လည်ဖွင့်လှစ်ကာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးကြရန်နှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များတွင် အခက်အခဲများရှိနိုင်သောကြောင့် အားလုံးကပါဝင် ပူးပေါင်းဆောင်ရွက်ကြိုးစားပေးကြရန် ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

### အားပေးစကားပြောကြား

ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ရေဘေးသင့် ပြည်သူများကို အားပေးစကား ပြောကြားသည်။

ဆက်လက်၍ မဲနယ်တောင်ဒေသ ထီတခူး-နောင်ဒေးအုပ်စု၊ လွယ်မောဒေသ လွိုင်လင်မြို့နယ် ခေါင်းနွံ-အင်းတော် ဒေသတို့အတွက် ငွေကျပ်သိန်း ၁၅၀ စီနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ပေးအပ်လှူဒါန်းရာ ဟိုပုံးမြို့ နောင်တောင်း ပရဟိတ တပ်ဦးကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တရာဇိန္ဒနှင့် ရေဘေးသင့်ပြည်သူများက လည်းကောင်း၊ ဦးဇော်ဝင်း + ဒေါ်နွေးနွေးဝင်း မိသားစု၏ အလှူငွေကျပ်သိန်း ၃၀ ကို တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ ကျောင်းအုပ်ကြီးက ပေးအပ်လှူဒါန်းပေးရာ လည်းခလ ဆရာတော်ကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး စံဖူးဘုန်းကြီးကျောင်းတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စုတွင် စက်တင်ဘာ ၁၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာ ၃၀၊ အိမ်ခြေ ၁၀၈၂ အိမ်၊ အိမ်ထောင်စု ၁၀၉၅ စု၊ လူဦးရေ ၄၄၉၇ ဦး ရှိသည့်အနက် နေအိမ်ပျက်စီးမှု ၁၀၀ ရာခိုင်နှုန်း ၂၆၁ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီး ၃၃၆ အိမ်၊ လူသေဆုံး ၂၆ ဦး ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများသည် ဟန်လွဲဘုန်းတော်ကြီးကျောင်းတွင် ကုန်းကျိုင်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အားပေးစကားပြောကြားကြကာ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၅၀ နှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNO ပါတီ အထွေထွေအတွင်းရေးမှူး ဦးခွန်သိန်းဖေက ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ရေဘေးသင့် ပြည်သူများက လက်ခံရယူကြ၍ ကလေးသူငယ်များကို စားစရာမုန့်များ ဝေငှပေးပြီး ရေကြီးမှုဖြစ်ပွားခဲ့သည့် နမ့်တဘက်ချောင်းအား ကြည့်ရှုကြသည်။

သဘာဝ ဘေးဒဏ်ကြောင့် ပုံးအင်းဒေသ ကုန်းကျိုင်းကျေးရွာအုပ်စုတွင် အိမ်ခြေ ၆၈၄ အိမ်၊ အိမ်ထောင်စု ၆၉၁ စု၊ လူဦးရေ ၃၆၁၇ ဦး ရှိသည့်အနက် ဘေးသင့်ကျေးရွာငါးရွာ၊ အိမ်ခြေ ၁၄၀၊ အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၅၇၀၊ နေအိမ်ပျက်စီး ၁၀၀ ရာခိုင်နှုန်း ၂၃ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီး ၃၄ အိမ် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိနိုင်ငံတကာအခင်းအကျင်းများ၊ နိုင်ငံတကာလတ်တလောဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်းနိုင်ငံရေးအခြေအနေနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ ဦးစားပေးဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအမှာစကားပြောကြားသည်။

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အဖွဲ့၏လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတကာနှင့် ပြည်တွင်းရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ အသိပညာရှင်များရှုထောင့်မှ ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ သတင်းစဉ်



# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၆/၂၀၂၄)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်မည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၆/၂၀၂၄) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲတို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်ရှိ လောကနတ်ခန်းမနှင့် ရန်ကုန်ရှိ ဝန်ဇင်းမင်းရာဇာခန်းမတို့၌ တစ်ပြိုင်တည်းကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရန်ကုန်မြို့၌ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၆/၂၀၂၄)ကို နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) တို့တွင် တန်းခွဲနှစ်ခုဖြင့် စက်တင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂလိကနယ်ပယ်များမှ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာဘာသာရပ်များကို စိတ်ပါဝင်စားသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ၊ နိုင်ငံတကာဥပဒေဘာသာရပ်များ၊ နိုင်ငံရေးဘောဂဗေဒနှင့် အထွေထွေဗဟုသုတဆိုင်ရာများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါတက္ကသိုလ် ကေတုမတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က နိုင်ငံတော်အစိုးရ၏ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အရာရှိကြီးများက ပြည်သူလူထုအတွက် ကောင်းမွန်ထိရောက်သည့် ဝန်ဆောင်မှုကို အဓိကဆောင်ရွက်ပေးရန် တာဝန်ရှိသူများဖြစ်ပါကြောင်း၊ အရာရှိကြီးများသည် နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသူများ ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူကြား ယုံကြည်မှုတည်ဆောက်ပေးရာတွင် အခရာကျသူများဖြစ်ပါကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ မျှော်မှန်းချက်များကို ဝန်ထမ်းကောင်းများ ဖြစ်ရန်၊ နိုင်ငံတော်က အားထားရသော ဝန်ထမ်းများဖြစ်စေရန်၊ နိုင်ငံတော်ကို ချစ်သောစိတ်ဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းအကောင်အထည်ဖော်ကြရန် တိုက်တွန်းမှာကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၅)သို့ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၂ဦး စုစုပေါင်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဝမ်းတွင်းမြို့နယ် ရေဘေးသင့်ကျေးရွာများ၌ ပျက်စီးသွားသော လျှပ်စစ်မီးတိုင်များ ပြုပြင်ပြီးစီး၍ လျှပ်စစ်မီးများပြန်လည်ရရှိ

ဝမ်းတွင်း စက်တင်ဘာ ၂၃

မန္တလေးတိုင်း ဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအချို့တွင် သွယ်တန်းထားသော လျှပ်စစ်မီးတိုင်များ ပြိုလဲပျက်စီးသွားခဲ့ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ပျက်စီးသောလျှပ်စစ်မီးတိုင်များ ပြုပြင်ပြီးဖြစ်၍ လျှပ်စစ်မီးများ ပြန်လည်ရရှိပြီဖြစ်ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် အတွင်း လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး စမုံချောင်းရေမြင့်တက်လာမှုကြောင့် ကူမဲမြို့ သာလွန်ကျေးရွာ မြို့ဝင်ဂိတ်အနီး ဝမ်းတွင်းမြို့နယ်အပိုင် ၃၃ ကေဗွီ၊ ကူမဲ-ရွှေတောင်လိုင်းမှ ၁၂ မီတာကွန်ကရစ်တိုင် ခြောက်တိုင် ရေတိုက်စား၍ ကျိုးပဲ့ယိုင်နဲ့သွားပြီး ဓာတ်အားပြတ်တောက်လျက်ရှိရာ ၎င်းပျက်စီးမှုကို ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ဒုတိယမြို့နယ် လျှပ်စစ်မန်နေဂျာတို့ ဦးဆောင်၍ လိုင်းဝန်ထမ်းများဖြင့် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး စက်တင်ဘာ ၂၂ ရက်တွင် ပြုပြင်ပြီးစီးပြီဖြစ်၍ ဝမ်းတွင်းမြို့နယ် ၃၃/၁၁ကေဗွီ (၅)အမ်ဗွီအေ ရွှေတောင်ခွဲရုံအထိ ဓာတ်အားများ လက်ခံရယူပြီး ရွှေတောင်ခွဲရုံနှင့် ၃၃ကေဗွီ ကူမဲ-ရွှေတောင်လိုင်း တစ်လျှောက် ဓာတ်အားဖြန့်ဖြူးပေးထားသော ကျေးရွာ ၄၀ အနက် ရေဝင်နစ်မြုပ်ခဲ့သော ကျေးရွာငါးရွာအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အလေးထားစစ်ဆေးဆောင်ရွက်ပြီး ဓာတ်အားများ ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်ကျေးရွာများကို အလှည့်ကျစနစ်ဖြင့် ပုံမှန်အတိုင်း ဓာတ်အားများဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားသို့တက်ရောက်



ရန်ကုန် စက်တင်ဘာ ၂၃

ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr.Saud Abdullah Alsubaie နှင့် တာဝန်ရှိသူများက ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံတော်သီချင်း တို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E.Mr.Saud Abdullah Alsubaie က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E.Mr.Saud Abdullah Alsubaie တို့က ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။


ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲ အခမ်းအနားသို့ ရန်ကုန်မြို့နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

### ပေးအပ်လှူဒါန်း

တွေ့ဆုံပွဲအပြီးတွင် China Arts and Crafts Association မှ မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ဘေးသင့်ပြည်သူများအတွက် တရုတ်ယွမ် ၇၀၀၀၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရှေ့ဖုံးမှ

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် သစ်ခေါက်ခွကျေးရွာရှိ ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ စားသောက်ဖွယ်ရာများနှင့် တစ်အိမ်ထောင်လျှင် တစ်သောင်းကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် သစ်ခေါက်ခွကျေးရွာ သုခါရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာနအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သာသနာ့ဗိမာန်တော်ကြီး၊ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ သွားရောက်ပြီး ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် စက်တင်ဘာ ၁၉ ရက်ကလည်း အဆိုပါ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေကြီးမှု ဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# တောင်ဖျားဆီက မိုးညို့ညို့နှင့် ရေလှောင်တမံ၊ ရေပိုလွှဲများ…

**အေးမြင့်ဆွေ (ဆည်/ရေ)**

မြစ်ချောင်းဖျား တောင်တန်းများဆီတွင် မိုးတိမ်များမှောင်မည်း ညို့မှိုင်းလာပါက သိပ်မကြာမီတွင် မြစ်ရေချောင်းရေများ တရိပ်ရိပ်တက်လာတော့မည့် လက္ခဏာဖြစ်သည်ဟု အဆိုရှိပါသည်။

ယခုအခါတွင် အယ်လ်နီညိုနှင့် လာနီညာကဲ့သို့သော အစွန်းရောက်ရာသီဥတုပြောင်းလဲမှုများကြောင့် စံချိန်တင်မိုးများရွာသွန်းခြင်း၊ အချိန်အခါမဟုတ် မိုးများရွာသွန်းခြင်းကဲ့သို့ ခန့်မှန်းရခက်သည့် မိုးလေဝသအခြေအနေများ တွေ့ကြုံလာရသည်။ တောင်ဖျားဆီတွင် လိုအပ်သည်ထက်ပိုသော မိုးညို့ညို့များ တစ်နှစ်ပြီးတစ်နှစ် တွေ့ကြုံလာနေကြရပါသည်။

ထိုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာသည့်အခါ ရေလှောင်တမံများရှိ ရေပိုလွှဲများမှ ရေများဖောက်ချ၍ ရေကြီးရသည်ဟု အချို့က နားလည်မှု လွဲတတ်ကြပါသည်။ ရေလှောင်တမံများ၏ ရေပိုလွှဲမှ ရေများ ကျော်ကျနေခြင်းသည် ရေကြီးမှုအတွက် စိုးရိမ်စရာဖြစ်သည်ဟုလည်း တွေးထင်မိတတ်ကြပါသည်။ မိမိကိုယ်တိုင်လည်း ရေလှောင်တမံ ရေပိုလွှဲများအကြောင်း သေချာစွာမသိရှိရသေးခင်က ထိုသို့တွေးထင်ခဲ့ဖူးသည်ဖြစ်ရာ ဤဆောင်းပါးတွင် ရေပိုလွှဲများ၏ လုပ်ငန်းဆောင်တာ၊ အသုံးဝင်အကျိုးပြုမှုနှင့် ရေပိုလွှဲမှ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော်ခြင်းသည် စိုးရိမ်စရာအခြေအနေ တစ်ခုမဟုတ်ပါကြောင်း နားလည်သိရှိသမျှ မျှဝေဖော်ပြပေးလိုပါသည်။

**ရေလှောင်တမံဆိုသည်မှာ**

ရေလှောင်တမံဆိုသည်မှာ မိုးရာသီတွင် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်အတွင်းသို့ အကျိုးမဲ့စီးဆင်းသွားမည့် မိုးရေများကို စိုက်ပျိုးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မြို့ရွာများသောက်သုံးရေဖူလုံစေရေး၊ ဒေသတစ်ခွင် စိမ်းလန်းစိုပြည်ရေးတို့အတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရန် လိုအပ်သည့်ပမာဏကို စနစ်တကျ တွက်ချက်သိုလှောင်ထားသော ရေအားအဆောက်အအုံများဖြစ်ပါသည်။ စိုက်ပျိုးရေးကို အခြေခံတည်ဆောက်ထားသော မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရေလှောင်တမံများ၏အကျိုးပြုမှုသည် များစွာအရေးပါပါသည်။

ရေလှောင်တမံ တည်ဆောက်ရာတွင် ရေဆင်းဧရိယာတစ်ခုလုံးမှ စီးဝင်ရေအားလုံးကို တမံအတွင်း ထိန်းချုပ်သိုလှောင်မည်ဆိုပါက ကြီးမားသောတမံအရွယ်အစားအတွက် ကုန်ကျစရိတ်များပြားခြင်း၊ အောက်ဘက်မြစ်ချောင်းများအတွင်းသို့ ရေစီးဆင်းမှုရပ်တန့်သွားမည်ဖြစ်သဖြင့် မြစ်၏ ဂေဟစနစ်ပျက်စီးလာခြင်းများ ဖြစ်ပေါ်လာနိုင်သောကြောင့် ရေပေးဝေမည့် စိုက်ပျိုးဧရိယာ (သို့မဟုတ်) ရေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် လိုအပ်သော ရေပမာဏအချို့အား ထိန်းသိမ်းသိုလှောင်ရန်သာ တည်ဆောက်လေ့ရှိကြပါသည်။



ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုကို တွေ့ရစဉ်။

ရေလှောင်တမံများ တည်ဆောက်ထားခြင်းကြောင့် ရေဆင်းဧရိယာမှ စီးဆင်းလာသော ချောင်းရေများကို တမံ၏ ကန်ရေပြည့်ပမာဏအထိ ထိန်းသိမ်းထားနိုင်ပြီး တဖြည်းဖြည်း ထိန်းညှိရေလွှတ်နိုင်မှုကြောင့် တမံအောက်ဘက်ဒေသများတွင် ရေကြီးနစ်မြုပ်ခြင်း လျော့ပါးစေရန် များစွာအထောက်အကူပြုနိုင်ပါသည်။ သိုလှောင်နိုင်သည့်ပမာဏထက်ကျော်သည့် တမံအတွင်း စီးဝင်ရေများမှာလည်း တမံရေဝပ်ဧရိယာသို့ စုဝင်ပျံ့နှံ့ရစ်ခွေပြီးမှ ရေပိုလွှဲမှတစ်ဆင့် ကျော်ကျစီးဆင်းရသဖြင့် ရေစီးအလျင် လျော့နည်းသွားနိုင်ပါသည်။

တမံအောက်ဘက် ဒေသများသို့ ရေရောက်ရှိရန် စီးဆင်းရချိန်လည်း ကြာမြင့်သွားမည် ဖြစ်သောကြောင့် ရေဘေးအန္တရာယ်အတွက် အချိန်ယူကြိုတင်ပြင်ဆင်နိုင်ပါသည်။ ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်းများကို ကမ္ဘာတစ်ဝန်း ခံစားနေကြရရာ တမံများကို စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်အတွက်သာမက ရေဘေးကာကွယ်ရေးအတွက် ရေထိန်းတမံများအဖြစ်လည်း ကျယ်ပြန့်စွာ အသုံးပြုလာကြပါသည်။ မြန်မာနိုင်ငံရှိ ရေလှောင်တမံများသည်လည်း ရေထိန်းတမံများအဖြစ် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ အကျိုးပြုလျက်ရှိပါသည်။

**ရေလှောင်တမံ၏ အစိတ်အပိုင်းများ**

ရေလှောင်တမံတွင် အဓိကအစိတ်အပိုင်း သုံးမျိုး ပါဝင်ပါသည်။ တမံကိုယ်ထည်(Dam Body)၊ ရေပိုလွှဲ (Spillway) နှင့် ရေထုတ်ပြွန် (Conduit) တို့ဖြစ်ပါသည်။

တမံကိုယ်ထည်အမြင့်ကို သတ်မှတ်ရာတွင် ထိုဒေသ၏ စီးဝင်ရေပမာဏ (Inflow)၊ ရေဝပ်ဧရိယာ၏ ရေသိုလှောင်နိုင်မှု(Area–Capacity)နှင့် အနည်ကျနှုန်း (Sedimentation Rate) များပေါ် မူတည်၍ မိမိအသုံးပြုလိုသော ရေပမာဏကို သိုလှောင်နိုင်မည့်အနက် (Full Tank Level) အပေါ်တွင် လှိုင်းဒဏ်ခံနိုင်သော ရေလွတ်အမြင့်(Free Board) ထည့်ပေါင်း၍ တမံအမြင့်ကို သတ်မှတ်ပါသည်။

သိုလှောင်ထားသည့် အသုံးပြုမည့်ရေများကို တမံကိုယ်ထည်၌ ထည့်သွင်းတည်ဆောက်ထားသော ရေထုတ်ပြွန် (Conduit)မှတစ်ဆင့် ဆည်ရေပေးမြောင်းများအတွင်းသို့ ထုတ်လွှတ်အသုံးပြုနိုင်ပါသည်။ ရေထုတ်ပြွန်အား ရေထိန်းမျှော်စင် (Control Tower)မှ ဂိတ်တံခါးဖြင့် လိုအပ်သလို ထိန်းချုပ်ဖွင့်ပိတ်နိုင်ပါသည်။ ထို့ကြောင့် ရေထုတ်ပြွန်သည် ရေလှောင်တမံ၏ ထိန်းချုပ်ဖွင့်ပိတ်နိုင်သော ရေအားအဆောက်အအုံဖြစ်ပြီး ၎င်းကိုလည်း စိုက်ပျိုးရေပေးဝေရန်အတွက်သာ ထိန်းချုပ်အသုံးပြုလေ့ရှိပါသည်။

ဤသို့ တမံအတွင်းသို့စီးဝင်ရေများအနက် အချို့ကိုသာ အသုံးပြုရန် သိုလှောင်ထားနိုင်သည်ဖြစ်သောကြောင့် ထိုလိုအပ်သော ပမာဏထက်ပိုသော ရေများ ဖြတ်သန်းစီးဆင်းသွားနိုင်စေရန် ရေအားအဆောက်အအုံတစ်ခု တမံကိုယ်ထည်တွင် တပ်ဆင်ရန် လိုအပ်လာပါသည်။ ထိုရေအား အဆောက်အအုံမှာ ရေပိုလွှဲ ဖြစ်ပါသည်။

**ရေပိုလွှဲဆိုသည်မှာ**

ရေပိုလွှဲအကြောင်း အနက်ဖွင့်ဆိုရာတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ ကြေးမုံသတင်းစာပါ ဆရာဘုန်းတင်လှိုင် ရေးသားခဲ့သော "ရေပိုလွှဲဆိုသည်မှာ ရေဖောက်ချရသည့် အရာမဟုတ်ဘဲ ကန်ရေပြည့် သိုလှောင်ပမာဏထက် ကျော်လွန်ပြီး စီးဝင်လာသောရေများ မူလ မြစ်/ချောင်းများထဲသို့ စီးထွက်သွားစေရန် ထည့်သွင်းတည်ဆောက်ထားသော ရေအားအဆောက်အအုံဖြစ်သည်" ဟူသော ရေးသားချက်အား ပြန်လည်မျှဝေချင်ပါသည်။ တစ်နည်းအားဖြင့် လိုအပ်သည်ထက်ပိုလျှံသော ရေပိုများ ကျော်ကျစီးဆင်းရန်အတွက် အထူးဒီဇိုင်းပြုတည်ဆောက်ထားရသော ရေအားအဆောက်အအုံဖြစ်ပါသည်။ ထို့ကြောင့် ရေပိုလွှဲမှ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော်ကျနေခြင်းသည် ရေပိုလွှဲ၏ မဖြစ်မနေ ထမ်းဆောင်ရမည့် မူလတာဝန်သာဖြစ်ပြီး ထူးကဲစွာ စိုးရိမ်ရန် မလိုအပ်သော ဖြစ်စဉ်တစ်ခုသာ ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ရေလှောင်တမံအများစု၏ ရေပိုလွှဲများသည် ကန်ရေပြည့်မှတ်မရောက်ရှိမီတွင် ဖွင့်ချနိုင်သော ရေတံခါးများ တပ်ဆင်ထားခြင်းမရှိဘဲ ကန်ရေပြည့်မှတ်အထိ ရေအပြည့် သိုလှောင်၍ ထို့ထက်များပြားလာမှသာ သဘာဝအတိုင်း ကျော်ကျစီးဆင်းသွားစေရန် ဒီဇိုင်းရေးဆွဲထားကြခြင်း ဖြစ်ပါသည်။ အနည်းစုရေပိုလွှဲများရှိ ရေပိုမိုလှောင်နိုင်ရန် တပ်ဆင်ထားသည့် ဂိတ်တံခါးများကိုလည်း စီးဝင်ရေအားချင့်ချိန်၍ စနစ်တကျ တွက်ချက်ဖွင့်ပိတ်နိုင်ရန် သတ်မှတ်လုပ်ထုံးလုပ်နည်းများ ရေးဆွဲစီမံဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ချောင်းအထက်ပိုင်းတွင် မိုးများ၍ ရေပိုလွှဲမှ ရေကျော်ကျနေခြင်းသည် ဖောက်ချဖန်တီးနိုင်သော (သို့မဟုတ်) တားဆီးပိတ်ပင်နိုင်သော ဖြစ်စဉ်မျိုးမဟုတ်ဘဲ ရေပိုလွှဲ၏ သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်ပါသည်။ ရေလှောင်တမံ/ရေပိုလွှဲများသာမရှိပါက ရေစီးဆင်းမှုသည် ပမာဏများစွာ ပိုမိုပြင်းထန်မည်ဖြစ်ပါသည်။

**ရေပိုလွှဲမှ ရေကျော်ခြင်း၏ အကျိုးများ**

ရေများ ရေတံခွန်ကဲ့သို့ ကျော်ကျဖြာထွက်စီးဆင်းနေသော ရေပိုလွှဲတစ်ခု၏ အလှအပသည် ရေလှောင်တမံတစ်ခု၏ အပေါ်လွင်ဆုံး၊ စိတ်ဝင်စားဖွယ်အကောင်းဆုံး အစိတ်အပိုင်းတစ်ခုဖြစ်ဖွယ်ရှိပါသည်။ ရေပိုလွှဲသည် တမံကိုယ်ထည်ခိုင်ခံ့မှုအတွက် များစွာအရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါသည်။ ရေပိုလွှဲမှ လုံလောက်သော ရေကျော်ကျစီးဆင်းမှုမရှိပါက သိုလှောင်ပမာဏထက်ကျော်လွန်လာသောရေများသည် တမံထိပ်မှ ကျော်ကျခြင်း (Overtopping)အား ဖြစ်စေနိုင်ပြီး တမံကိုယ်ထည်ကြံ့ခိုင်မှုကို ထိခိုက်စေမည်ဖြစ်ပါသည်။

ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် အောက်ဘက်မြစ်ချောင်းများ၏ သဘာဝအတိုင်း ရေစီးဆင်းမှုကို ဖြစ်ပေါ်စေသောကြောင့် ထိုမြစ်ချောင်းတို့၏ မူလသွင်ပြင်ပုံစံနှင့် ရေစီးဆင်းမှု အခြေအနေကို များစွာ အထောက်အပံ့ပေးပါသည်။ မြစ်ချောင်းများ၏ သက်စောင့်ရေ (Enviromental Flow) ကိုလည်း ဖန်တီးပေးပါသည်။ သက်စောင့်ရေဆိုသည်မှာ မြစ်ချောင်းများအတွင်းနှင့် မြစ်ချောင်းများအနီးရှိ သစ်ပင်ပန်းမန်နှင့် ရေနေသတ္တဝါတို့၏ သဘာဝရှင်သန်နေထိုင်မှုဖြစ်စဉ်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံသဘာဝရေစီးဆင်းမှုဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ✻

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တပ်ကုန်းမြို့နယ် မဟာသီဟနာဒကျောင်းတိုက်တွင် ယာယီရေဘေးရှောင်နေသော ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သက်န်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မဟာသီဟနာဒကျောင်းတိုက်တွင် ယာယီရေဘေး ရှောင်နေသော ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား သက်န်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ် များက နိုင်ငံတော်ဩဝါဒါစရိယ တပ်ကုန်းမြို့ မဟာ သီဟနာဒကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏ မဟာထေရ်မြတ် ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာသီဟ နာဒကျောင်း၊ စန္ဒိမာရာမဂိုဏ်းထောက်ကျောင်း၊ သူဌေးကုန်းကျောင်း၊ ညောင်ပင်သာကျောင်း၊ ရှောက် ကုန်း(မြောက်)မဟာအောင်မြေကျောင်း၊ ဇရပ်ကြီး ကုန်းကျောင်း၊ အောင်မြေရိပ်သာကျောင်း၊ ဘိုကုန်း (သာယာအေး)ကျောင်း၊ ကြက်သွန်ခင်းကျောင်း၊ ဖောင်တော်ဦးကျောင်း၊ ဇေတဝန်လွှဘုံကျောင်း၊ နဂါးရုံ ကျောင်း၊ ထီးလှိုင်ကျောင်း၊ ရွှေမြို့ကြီးဂိုဏ်းထောက် ကျောင်း၊ မြပုဏ္ဏမာကျောင်း၊ ကျောင်းသစ်ကျောင်း၊ အဆုံဇီးကုန်းကျောင်း၊ ကျားသေအိုင်(သာသနဝေပုလ္လ)ကျောင်း၊ ကမ္ဘဋ္ဌာန်းကျောင်း၊ ရေလယ်ကွေ့ ကျောင်း၊ ရှားတုံးအိုင်းကျောင်း၊ မဟာဗောဓိကျောင်း၊ သာဂရရာမပိန်းတောမြောက်ကျောင်း၊ လေးအိမ်စု ကျောင်း၊ မိုဃ်းကောင်းဘုရားကျောင်း၊ အောင်ဆုပန် ကျောင်း၊ လက်ပံပုကျောင်း၊ ပိန်းတောတောင်ကျောင်း၊ ဆေကိန္ဒာရာမ(သာယာအေး)ကျောင်း၊ သီရိသုခမိဂဒါဝုန်ဓမ္မရိပ်သာကျောင်း၊ ရေတွင်းဖြူကျောင်း၊ ရွှေးစု (အာလောက)ကျောင်း၊ ပျိုးဥယျာဉ်ကျောင်း၊ ခေမာ သီဝံ(ချောင်းခြား)ကျောင်း၊ မဟာဗောဓိဂန္ဓာရုံကျောင်း၊ အုတ်ဖိုကျောင်း၊ ရှောက်ကုန်း(တောင်)ကျောင်း၊ နွယ်ရစ်ကျောင်း၊ သိင်္ဂီရတနာကျောင်း၊ သာသနဇ္ဇဂုဏ်ရည်ကျောင်း၊ ဓမ္မဂုဏ်ရည်ကျောင်းနှင့် ဓမ္မရောင်ခြည် စာသင်တိုက်တို့မှ ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား သက်န်း၊ လှူဖွယ်ဝတ္ထုများ နှင့် အရှင်ဂဝမ္ပတိ မထေရ်စာအုပ်များကို ဆက်ကပ် လှူဒါန်းကြသည်။



ထို့နောက် ကြွရောက်တော်မူလာကြကုန်သော ဆရာတော်သံဃာတော်များက ရေဘေးကို တားဆီး တော်မူခဲ့သော အရှင်ဂဝမ္ပတိ မထေရ်မြတ်၏ ဂဝမ္ပတိ တွေ့ရဂါထာတော်အား သုံးကြိမ် ရွတ်ဖတ်သရဇ္ဈာယ် တော်မူကြသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် စန္ဒိမာရာမဂိုဏ်း ထောက်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဓဇ မဟာ ထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်း မှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည်ရေဘေး ရှောင်ပြည်သူများအား စောင့်ရှောက်ထားသည့် မဟာ ဇနကကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝဏ္ဏာရပဟာအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ အရှင်ဂဝမ္ပတိမထေရ်စာအုပ်များနှင့် လှူဖွယ် ဝတ္ထုများဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်၌ ရေဘေးရှောင်နေသော တပ်ကုန်းမြို့ ဘုရင့်နောင် ရပ်ကွက်နှင့် အနော်ရထာရပ်ကွက်တို့မှ ရေဘေးသင့် ဒေသခံအိမ်ထောင်စုများအတွက် ပန်းပေါင်းစုံဗုဒ္ဓ ရုပ်ပွားဆင်းတုတော် ၁၀၈ ဆူ၊ စားသောက်ဖွယ်ရာ များနှင့် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေး ရှောင်ပြည်သူများအား စောင့်ရှောက်ထားသည့် ငွေတောင်တောရကျောင်းတိုက် ပဓာနနာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိဇ္ဇောတက၊ တိုက်အုပ်ဆရာတော် နေပြည်တော်တိုင်းသံဃ နာယကအဖွဲ့ အဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညနှင့် နာယကဆရာတော် တပ်ကုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ သောမနတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ အရှင်ဂဝမ္ပတိ မထေရ်စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကာ ကျောင်းတိုက်၌ ရေဘေးရှောင်နေသော တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်၊ မြဝတီရပ်ကွက်၊ ရွာသစ်ရပ်ကွက်နှင့် နောင်သဒေါ်ရပ်ကွက်တို့မှ ရေဘေး ရှောင် ဒေသခံအိမ်ထောင်စုများအတွက် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၁၀၈ ဆူ၊ စားသောက်ဖွယ် ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စေတနာရှင် ရဟန်းရှင်လူများက နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ရေဘေးရှောင် ဘုန်းတော်ကြီးကျောင်း ၄၇ ကျောင်းနှင့် သီလရှင် ကျောင်း ခုနစ်ကျောင်း စုစုပေါင်း ၅၄ ကျောင်းရှိ ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီး များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၁၀၈ သိန်း နှင့် ရေဘေးရှောင်ဒေသခံပြည်သူများအား ထောက်ပံ့ ငွေကျပ် ၃၃၃၀၀၀၀ လှူဒါန်းခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စေတနာရှင် ရဟန်းရှင်လူများက ယနေ့အချိန်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း နှင့် သီလရှင်ကျောင်း စုစုပေါင်း ၁၄၈ ကျောင်းသို့ ဝတ္ထုငွေကျပ် ၂၉၆ သိန်း၊ သင်္ကန်း ၈၈၈ စုံ၊ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် ၇၀၂ ဆူ၊ ဆန်၊ ဆီ၊ စားသောက် ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တဘက်၊ ဆပ်ပြာမှုန့် စသည့် ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၆ မှ

အခြား အကျိုးကျေးဇူးတစ်ခုမှာ ရေလှောင်တမံအထက်ပိုင်းမှ ရေနေ သတ္တဝါများသည် ရေပိုလွှဲမှ ရေကျော် ကျစီးဆင်းခြင်းနှင့်အတူ ရေလှောင်တမံ အောက်ဘက်မြစ်ချောင်းများအတွင်းသို့ လွတ်လပ်စွာ ပျံ့နှံ့ရောက်ရှိနေထိုင် ကြီးပြင်းနိုင်ကြခြင်းဖြစ်ပါသည်။ ငါးကဲ့သို့ သော ရေနေသတ္တဝါများသည် တမံ ကိုယ်ထည်အောက်ခြေ ရေထုတ်ပြွန်မှ ဖြတ်သန်းနိုင်သည် ဆိုသော်လည်း တွေ့ရှိချက်များအရ တမံအောက်ခြေ ရေထု၏ အပူချိန်လျော့ကျမှုနှင့် အောက်ဆီဂျင်နည်းပါးစွာပါဝင်မှုကြောင့် ရေပိုလွှဲမှစီးဆင်းရေနှင့်အတူသာ ပိုမို ရွှေ့ပြောင်းသွားလာကြကြောင်း သိရှိရပါ သည်။

**ရေပိုလွှဲများ၏ ခိုင်ခံ့မှုအခြေအနေ**

မြန်မာ့ဆည်တာတမံ တည်ဆောက် မှုသမိုင်းသည် ရှေးမြန်မာမင်းများ လက်ထက် လယ်တွင်းကိုးခရိုင်မှ အစပြု ၍ ကိုလိုနီခေတ်ကို ဖြတ်ကျော်ကာ ယခု လက်ရှိကာလအထိ ရှည်လျားတည်တံ့ခဲ့ ပါသည်။ ရေအားအဆောက်အအုံများ တည်ဆောက်မှုနှင့် ရေအသုံးချမှု နည်းပညာများတွင်လည်း တိုးတက် ဖွံ့ဖြိုးစေရန် အစဉ်အားထုတ် ဆောင် ရွက်လျက်ရှိပါသည်။ ရှေးနှစ်များစွာ ကပင်စ၍ ပဲခူး-စစ်တောင်းတူးမြောင်း၊ တွံတေးတူးမြောင်းကဲ့သို့ ရေအသုံးချ သွားလာမှု လမ်းကြောင်းသစ်များ၊ မိုးဗြဲ၊

> ❝ မြန်မာနိုင်ငံရှိ ရေလှောင်တမံအများစု၏ ရေပိုလွှဲများသည် ကန်ရေပြည့်မှတ်မရောက်ရှိမီတွင် ဖွင့်ချ နိုင်သော ရေတံခါးများတပ်ဆင်ထားခြင်းမရှိဘဲ ကန်ရေပြည့်မှတ်အထိ ရေအပြည့်သိုလှောင်၍ ထိုထက်များပြား လာမှသာ သဘာဝအတိုင်း ကျော်ကျစီးဆင်းသွားစေရန် ဒီဇိုင်းရေးဆွဲထားကြခြင်းဖြစ်ပါသည်။ အနည်းစု ရေပိုလွှဲများရှိ ရေပိုမိုလှောင်နိုင်ရန် တပ်ဆင်ထားသည့် ဂိတ်တံခါးများကိုလည်း စီးဝင်ရေအား ချင့်ချိန်၍ စနစ်တကျတွက်ချက်ဖွင့်ပိတ်နိုင်ရန် သတ်မှတ်လုပ်ထုံးလုပ်နည်းများ ရေးဆွဲစီမံဆောင်ရွက်ထားခြင်းဖြစ်ပါ သည်။ ထို့ကြောင့် ချောင်းအထက်ပိုင်းတွင် မိုးများ၍ ရေပိုလွှဲမှ ရေကျော်ကျနေခြင်းသည် ဖောက်ချဖန်တီး နိုင်သော (သို့မဟုတ်) တားဆီးပိတ်ပင်နိုင်သော ဖြစ်စဉ်မျိုးမဟုတ်ဘဲ ရေပိုလွှဲ၏ သဘာဝဖြစ်စဉ် တစ်ခုသာဖြစ်ပါသည်။ ရေလှောင်တမံ / ရေပိုလွှဲများသာမရှိပါက ရေစီးဆင်းမှုသည် ပမာဏများစွာ ပိုမို ပြင်းထန်မည် ❞

မြစ်ကျိုးနှင့် တာဝကဲ့သို့သော လှေဝင် လှေထွက်လမ်းကြောင်း (Navigation Locks)များ၊ များစွာသော ရေလှောင် တမံများကို တည်ဆောက်ထိန်းသိမ်း အသုံးပြုလျက်ရှိပါသည်။ ရေလှောင် တမံနှင့် ရေပိုလွှဲများတည်ဆောက်ရာ တွင် စနစ်တကျ စူးစမ်းလေ့လာမှုများ ဆောင်ရွက်၍ ကျွမ်းကျင်နည်းပညာရှင် များနှင့် တွက်ချက်ဆောင်ရွက် လျက်ရှိပါသည်။

ရေလှောင်တမံနှင့် ရေပိုလွှဲများ တည်ဆောက်ရာတွင် ထိုဒေသ၏ မိုးလေဝသနှင့် ရာသီဥတုအခြေအနေ၊ ရေကြီးမှုသမိုင်းပေါ်မူတည်၍ ဇလဗေဒ ပညာရှင်များ တွက်ချက်ရရှိသော ဒီဇိုင်း ရေထုစီးနှုန်း အချက်အလက်များ၊ အောက်ခံမြေအမျိုးအစားများ၊ လျောင် ပြင်းအား စသည့်အချက်အလက်များကို စုစည်း၍ခေတ်မီနည်းပညာဆော့ဖ်ဝဲများ အသုံးပြုတွက်ချက် တည်ဆောက်ထား ကြပါသည်။

**ရေပိုလွှဲမှ ရေကျော်ခြင်းကို သတိပေးမှုများ**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေပိုလွှဲမှ ရေစတင်ကျော်သည်နှင့် အလံအစိမ်း ရောင်၊ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော် ပါက အလံအဝါရောင်၊ ဒီဇိုင်းရေထုစီးနှုန်း အထက် ရေကျော်ပါက အလံအနီရောင် စသည်ဖြင့် ရေပိုလွှဲထိပ်နှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများတွင် အလံစိုက်ထူ၍ အများပြည်သူများအား သိရှိရန် အသိပေးလေ့ရှိပါသည်။ ဤသို့ အလံများစိုက်ထူရာတွင် ရေပိုလွှဲမှ ဒီဇိုင်းရေထုစီးနှုန်း အထက်အထိ ရေကျော်ကျလာခြင်းသည်သာ စောင့် ကြည့်ရမည့် စိုးရိမ်သင့်သော အခြေ အနေဖြစ်ပြီး ကျန်အခြေအနေများတွင် ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် များစွာ စိုးရိမ်ဖွယ် အခြေအနေမဟုတ်ပါ။ ဒီဇိုင်း ရေထုစီးနှုန်းအထက်အထိ ရေကျော်ကျ လာသည့်အခြေအနေတွင်မူ မိမိဒေသ၏ လက်တွေ့ဖြစ်ပေါ်နေသော ရေဘေး အန္တရာယ်နှင့်လိုက်လျောညီထွေသည့် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ အချိန်မီဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ အချို့ ရေလှောင်တမံများ၌ ထူးကဲမိုးများ ရွာသွန်းသောကြောင့် ဒီဇိုင်းရေထုစီးနှုန်း ထက် ရေများစွာကျော်ကျခဲ့သော ဖြစ်စဉ် များတွင်မှ ရေပိုလွှဲများသည် ကြံ့ကြံ့ခံ ရပ်တည်နိုင်ခဲ့ပါသည်။

ထို့ကြောင့် အချုပ်အားဖြင့် ရေပိုလွှဲ ဟူသည်မှာ ရေများကျော်ကျရန် တကူး တက ဒီဇိုင်းရေးဆွဲ တည်ဆောက်ထား ရသည့် ရေအားအဆောက်အအုံဖြစ်၍ ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် ၎င်း၏ မူလတာဝန်ကို ရိုးစင်းစွာထမ်းဆောင် နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ရေတံခွန်ကဲ့သို့ ရေများဖြာကျစီးဆင်း နေသော ရေပိုလွှဲများတွေ့ရှိပါက စိုးရိမ် စရာအခြေအနေဟု မယူဆသင့်ပါ ကြောင်း၊ ရေကျော်ကျနေသော ရေပိုလွှဲ များသည် ရေလှောင်တမံခိုင်ခံ့မှုနှင့် သဘာဝပတ်ဝန်းကျင်အတွက် သွယ်ဝိုက် အကျိုးပြုလျက် ရှိနေပါကြောင်းနှင့် ရေပိုလွှဲများသည် တောင်ဖျားဆီမှ မိုးညို့ညို့အား တတ်စွမ်းသမျှ အန်တုခုခံ လျက်ရှိပါကြောင်း သိရှိသမျှ မျှဝေ ရေးသားအပ်ပါသည်။ ။

ကိုးကား - ဆည်မြောင်း ဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက် ကြေးမုံသတင်းစာ တွင် ဖော်ပြခဲ့သည့် ဆရာ ဘုန်းတင်လှိုင် ရေးသား သော "ရေပိုလွှဲဆိုသည်မှာ.." ဆောင်းပါး

# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၄) ထုတ်ဝေ

**နေပြည်တော် စက်တင်ဘာ ၂၃**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ်အမှတ် (၁၄) စာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။

ဥပဒေဘာသာပြန် ကော်မရှင်အဖွဲ့သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေပေါင်း ၃၈ ခုကို မြန်မာဘာသာသို့ ပြန်ဆိုပြီး စာအုပ်အမှတ် (၁) မှ (၁၃) အထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပြီး ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၄) တွင် အာနန်ထိမ်းမြားခြင်းအက်ဥပဒေ (The Anand Marriage Act)၊ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)၊ ဟိန္ဒူဘာသာဝင်များ၏ ပစ္စည်းစီမံခန့်ခွဲခြင်း အက်ဥပဒေ (The Hindu Disposition of Property Act)၊ ဟိန္ဒူအမွေဆက်ခံခြင်း (မစွမ်းဆောင်နိုင်မှုကြောင့် အမွေဆက်ခံခွင့်မရှိခြင်းကို ဖယ်ရှားရေး) အက်ဥပဒေ (The Hindu Inheritance (Removal of Disabilities) Act)၊ ဟိန္ဒူဘာသာဝင်များ၏ အမွေဆက်ခံခြင်းဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ (The Hindu Law of Inheritance Amendment Act)၊ ဟိန္ဒူများ ပညာလေ့လာသင်ယူခြင်းမှ အကျိုးအမြတ်ဆိုင်ရာ အက်ဥပဒေ (The Hindu Gains of Learning Act)၊ မွတ်စလင်ဝါကပ်ဖ်အက်ဥပဒေ (The Mussalman Wakf Act)၊ မွတ်စလင်ဝါကပ်ဖ် တရားဝင်ခြင်း အက်ဥပဒေ (The Mussalman Wakf Validating Act)၊ ကာဇစ်အက်ဥပဒေ (The Kazis Act) တို့ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီး အဆိုပါမြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ မူလစာမူနှင့် အလားတူ အာဏာတည်ကြောင်း ဥပဒေဘာသာပြန်ကော်မရှင်၏ အမိန့်အမှတ် ၁/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။




ဘာသာပြန်ဆိုပြီးသည့် အက်ဥပဒေ ကိုးခုကို စုစည်း၍ ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၄) အဖြစ် ပြုစုထုတ်ဝေခြင်းဖြစ်ပြီး မြန်မာဘာသာပြန်ဆိုချက်များကို မူလစာမူနှင့် ယှဉ်တွဲဖတ်ရှုလေ့လာနိုင်ရန် မူလအင်္ဂလိပ်စာမူကိုလည်း ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။

ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ဝေသည့် ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၄) သည် တရားဝင်ကိုးကားသုံးစွဲနိုင်သည့် စာအုပ်တစ်အုပ်ဖြစ်သည့်အပြင် ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝင်ငွေတိုးစီမံကိန်းဖြင့် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနက် စက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်ခဲ့သည့် ကျေးရွာနှစ်ရွာ၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ခဲ့သည့် ကျေးရွာတစ်ရွာ၊ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ခဲ့သည့် ကျေးရွာတစ်ရွာနှင့် လျှပ်စစ်သံဂဟေဆက်နည်းပညာ သင်တန်းဖွင့်လှစ်ခဲ့သည့် ကျေးရွာနှစ်ရွာ စုစုပေါင်းကျေးရွာ ခြောက်ရွာအတွက် သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရွေးချယ်ဖွင့်လှစ်ပေးလျက်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုဘဏ္ဍာရေးနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းကို ရုံးချုပ်၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရှိ ကျေးရွာပေါင်း ၂၂၁ ရွာကို ရွေးချယ်၍ ဒေသခံပြည်သူများ၏ လိုအပ်ချက်အရ တောင်းဆိုသည့် သင်တန်းများကို ရွေးချယ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် သင်တန်းဆင်းသူများအနေဖြင့်လည်း သုံးစွဲခွင့်ပေးအပ်မည့် လုပ်ငန်းသုံးပစ္စည်းများ၊ သင်ကြားမျှဝေပေးလိုက်သည့် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများကို ပေါင်းစပ်၍ အရည်အသွေး ကောင်းမွန်ပြီး ဘေးကင်းလုံခြုံသော အစားအသောက်များ၊ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပြီး လမ်းညွှန်ချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် အောင်မြင်သည့် အသေးစားကုန်ထုတ်လုပ်ငန်းရှင်များအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ယခုကဲ့သို့ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရုံးတောကျေးရွာမှ သင်တန်းသား ငါးဦးအတွက် စက်ချုပ်လုပ်ငန်း ထူထောင်ရန် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မဲဒီးကျေးရွာမှ သင်တန်းသားငါးဦးအတွက် စက်ချုပ်လုပ်ငန်း ထူထောင်ရန် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးက ကြောင်ရေကျေးရွာမှ သင်တန်းသားငါးဦးအတွက် လူသုံးကုန်ထုတ်လုပ်မှု လုပ်ငန်းထူထောင်ရန် ဆပ်ပြာဖျော်စက်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုးက ရေအိုးစင်ကျေးရွာမှ သင်တန်းသားငါးဦးအတွက် ရေခဲမုန့်လုပ်ငန်းထူထောင်ရန် ရေခဲမုန့်ပြုလုပ်သည့်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက တဲကြီးကုန်းကျေးရွာမှ သင်တန်းသားငါးဦးအတွက် လျှပ်စစ်သံဂဟေဆက်လုပ်ငန်းထူထောင်ရန် ဝရိန်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမင်းဦးက ကြာအင်းကျေးရွာမှ သင်တန်းသားငါးဦးအတွက် လျှပ်စစ်သံဂဟေဆက်လုပ်ငန်းထူထောင်ရန် ဝရိန်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များက သင်တန်းတစ်ခုချင်းစီမှ သင်တန်းသားများထံ သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း ပေးအပ်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုကာ ကိုယ်ပိုင်လုပ်ငန်း ထူထောင်မည့်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် စုစုပေါင်း သင်တန်းခြောက်ခုမှ သင်တန်းတစ်ခုလျှင် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်၍ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား ၃၀ ကို လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတနော်မြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်

**ပန်းတနော် စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၇) စက်မှုလယ်ယာစခန်းမှ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက လူထုအခြေပြုဇဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်သက်က သင်တန်းသားများအား ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းကို စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူအောင်(ပြန်/ဆက်)**

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ စောင်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဝန်ကြီးဌာန သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စု ၅၈၅ စု၊ လူဦးရေ ၅၀၀၀ ခန့်ရှိ လယ်ဝေး မြို့နယ် ပိတောက်ချောင်ကျေးရွာအုပ်စု ကွမ်းခြံ ကျေးရွာသို့ သွားရောက်ပြီး ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှု၊ ပျက်စီးဆုံးရှုံးခဲ့မှု၊ ကျန်းမာရေးကိစ္စရပ်များ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးမေးမြန်းပြီး ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ ပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် သန့်ရှင်းရေးပြုလုပ်နေမှု၊ ရေကောင်းရေသန့် များရရှိရေး ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှု အားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေး သင့်ပြည်သူများ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးနေသည့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျေးရွာ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သောက်ရေနှင့် သုံးရေများ သန့်ရှင်းစွာ ရရှိရေး၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ကျေးရွာဆက်သွယ်သည့်လမ်း ပြုပြင်ရေးကိစ္စရပ်များ ကို ဆွေးနွေးပြီး စက်မှုဝန်ကြီးဌာနမှ ကူညီဆောင်ရွက် ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြား သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ခဲ့သည့် ပြည်သူများအား စက်မှုဝန်ကြီး ဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၁၅၃၈၂၇၀၀ တန်ဖိုးရှိ ဆန်၊ စောင်၊ အဝတ်အထည်၊ ဖိနပ်၊ ရေသန့်၊ ဆေးပြား၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်း များ စသည်တို့ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး ကျေးရွာအတွင်း၌ ရေကြီးရေလျှံမှု ကြောင့် ပျက်စီးခဲ့သည့် စိုက်ပျိုးရေးထွက်ကုန်များ ပြန်လည်ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု တို့ကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဘေးဒဏ် ခံစားရသော ဒေသများအတွက် အလှူရှင်များ အလှူငွေများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်က ငွေကျပ် ၄၅ သိန်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဝန်ထမ်း မိသားစုက ငွေကျပ်သိန်း ၂၀၊ ရန်ကုန်တိုင်းရွှေလုပ်ငန်း ရှင်များအသင်းက ငွေကျပ် ၂၀၁ သိန်း၊ ဦးအောင်သိုက် Managing Director, Myanmar New Power Investment Group Co.,Ltd က ငွေကျပ် သိန်း ၁၀၀၊ Myanmar Development Strategic Research Organization က ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ် ၄၆၆၀၀၀၀၀ နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း က ငွေကျပ် သုံးသိန်း တန်ဖိုးရှိ မုန့်ပုံးငါးပုံး ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဒုတိယဝန်ကြီး ဦးအေးကျော် ညောင်ရွှေမြို့နယ် အင်းလေးဒေသ၌ ရေကြီးရေလျှံမှုများကြောင့် နစ်မြုပ်ပျက်စီးခဲ့သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနမှ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော ခရိုင်အတွင်းရှိ တီကျစ်ကျောက် မီးသွေးသုံး ရေနွေးငွေ့ဓာတ်အား ပေးစက်ရုံ လည်ပတ်ဆောင်ရွက် နေမှု၊ ညောင်ရွှေမြို့နယ် အင်းလေး ဒေသ၌ ရေကြီးရေလျှံမှုများ ကြောင့် ဓာတ်အားခွဲရုံများသို့ ရေဝင်ရောက်ခဲ့မှု၊ ထရန်စဖော်မာ နှင့် ဓာတ်အားလွှတ်ပစ္စည်းများ ရေနစ်မြုပ်ခဲ့မှု၊ ဓာတ်အားလိုင်း များ ယိုင်လဲပျက်စီးခဲ့မှုနှင့် ဓာတ်အားသုံးစွဲသူ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေ ရေး ယာယီဓာတ်အားဖြတ်တောက် ထားရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



စက်တင်ဘာ ၂၁ ရက် ညနေပိုင်း တွင် ဒုတိယဝန်ကြီးသည် မိုးများ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေး စက်ရုံသုံးနှင့် ဝန်ထမ်းအိမ်ရာသုံးရေ ရယူသည့် ဘီလူးချောင်းရေပန့်ရုံ အဆောက် အအုံ ရေနစ်မြုပ်သဖြင့် စက်ရုံ အရေးပေါ် ရပ်တန့်ထားရမှုနှင့် ရေနစ်မြုပ်ခဲ့သည့် လျှပ်စစ်ပစ္စည်း များ၊ ရေစုပ်၊ ရေတွန်းမော်တာ များနှင့် ထရန်စဖော်မာများကို ဆယ်တင်၍ အလုပ်ရုံ၌ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှု၊ စက်ရုံ၏ ဒုတိယအဆင့် အနေဖြင့် ဆောင်ရွက်လျက်ရှိ သည့် ကျောက်မီးသွေးအခြောက်ခံ စက် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့် ဘီလူး ချောင်းရေပန့်ရုံ အဆောက်အအုံ ၌ ရေစုပ်ထုတ်ခြင်း၊ နုန်းများ ဖယ်ထုတ်ခြင်းများ ဆောင်ရွက်နေ မှုနှင့် မိုးအဆက်မပြတ်ရွာသွန်းမှု ကြောင့် ကျောက်မီးသွေးတူးဖော် ထုတ်လုပ်လျက်ရှိသည့် မိုင်းတွင်း မြေသားနံရံများ ပြိုကျမှုဖြစ်ပေါ် ကာ တူးဖော်ပြီးကျောက်မီးသွေး များအပေါ်သို့ မြေကြီးများဖုံးအုပ် ခဲ့မှု အခြေအနေတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးသည်။

စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်း တွင် ဒုတိယဝန်ကြီးသည် ညောင်ရွှေမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံး၌ တာဝန်ရှိသူများ နှင့်တွေ့ဆုံပြီး မီတာများ ပျောက်ဆုံး မှုမရှိစေရေး အလေးထားဆောင် ရွက်ကြရန်၊ ရေများ ကျဆင်းပြီး မူလအခြေအနေသို့ ပြန်လည် ရောက်ရှိချိန်တွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အချိန် မီဆောင်ရွက်နိုင်ရေး လိုအပ်သည့် ပစ္စည်းများ ကြိုတင်စစ်ဆေး စုဆောင်းထားရှိရန်၊ ရေနစ်မြုပ်ခဲ့ သည့်မီတာများကို စနစ်တကျ ပြန်လည်ဖြုတ်သိမ်း၍ စာရင်းရေး သွင်းမှတ်တမ်းထားရှိပြီး လျှပ်စစ် စမ်းသပ်စစ်ဆေးရေး ဌာနသို့ အမြန်ဆုံး ပေးပို့စစ်ဆေးနိုင်ရေး ဆောင်ရွက်ရန်၊ ပျက်စီးသွားခဲ့ သည့် ဓာတ်အားလိုင်းနှင့် ဆက်စပ် ပစ္စည်းများကို စနစ်တကျ သိမ်းဆည်း မှတ်တမ်းထားရှိရန် နှင့် ပြန်လည်အသုံးပြုနိုင်သည့် ဆယ်တင်ပစ္စည်းများကို စနစ် တကျ ပြန်လည်အသုံးပြုသွားရန် တို့ကို မှာကြားပြီး ဓာတ်အားသုံးစွဲ သူပြည်သူများက ငွေကောက် ကောင်တာသို့ ဓာတ်အားခများ လာရောက် ပေးဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး သည် အင်းလေးဒေသရှိ ကျေးရွာ များတွင် တပ်ဆင်တည်ဆောက် ထားသည့် ဓာတ်အားလိုင်း၊ ဓာတ်အားလွှတ်ပစ္စည်းများ၊ စီတီ မီတာများနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ ရေနစ်မြုပ်နေ မှုအခြေအနေကို လည်းကောင်း၊ အင်းလေးကန်ရေ မြင့်တက်လာမှု ကြောင့်အင်းလေးဒေသရှိကျေးရွာ များသို့ ဓာတ်အားဖြန့်ဖြူးပေး လျက်ရှိသည့် ဖဖကေဗွီခေါင်တိုင် ဓာတ်အားခွဲရုံ၏ ဓာတ်အား ထိန်းချုပ်ခန်းအတွင်း ရေများ ဝင်ရောက်၍ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး ယာယီ ဓာတ်အား ဖြတ်တောက်ထားရှိမှု နှင့် ဓာတ်အားလွှတ်ပစ္စည်းများ ဖြုတ်ယူစစ်ဆေးထားမှု အခြေ အနေများကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရေဘေးသင့်ခဲ့သောဒေသများမှ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ကျောင်းများကို အမြန်ဆုံးပြင်ဆင် ထူထောင်ကာ အောက်တိုဘာလတွင် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရန်၊ ကယ်ဆယ်ရေးစခန်းများတွင်ရောက်ရှိနေပြီး နှစ်ဝက်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် ကျောင်းသားကျောင်းသူများကို အစားထိုးပြန်လည်ဖြေဆိုနိုင်ရေး စီစဉ်ပေးရန်၊ ကျောင်းဆောင်နှင့် စာသင်ခန်းများ သန့်ရှင်းရေး၊ နုန်းများဆေးကြောရေး၊ သောက်ရေ၊ သုံးရေရရှိရေး၊ သန့်စင်ခန်းများ သန့်ရှင်းရေးနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ကျောင်းတက်ရောက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရေဝင်ရောက်မှုကြောင့် ကျောင်းပိတ်ထားခဲ့ရသည့်ရက်များကို စနေ၊ တနင်္ဂနွေနေ့များတွင် အစားထိုးသင်ကြားရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ရေဝင်ရောက်မှုကြောင့် ပျက်စီးခဲ့ရသည့် ကျောင်းဆောင်များနှင့် ပရိဘောဂများ ပြန်လည်ပြုပြင်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ကျောင်းဆောင်၊ စာသင်ခန်း၊ သန့်စင်ခန်းများ သန့်ရှင်းရေးအတွက် သုံးရေ၊ သောက်ရေ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေနှင့်ကျောင်းသားကျောင်းသူများအတွက် လိုအပ်သည့် စာအုပ်စာတမ်းများနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသွားမည့် အခြေအနေများကို လည်းကောင်း၊ တက်ရောက်လာသူများက ကျောင်းအလိုက် လိုအပ်သည်များကိုလည်းကောင်း တင်ပြကြပြီး ဝိုင်းဝန်းဆွေးနွေးကြကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သဘာဝဘေးကြောင့် ပျက်စီးခဲ့သော နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ လမ်း၊ တံတားများ ယာယီပြင်ဆင်ပြီးစီးသည့် အခြေအနေ၊ အခိုင်အမာပြင်ဆင်တည်ဆောက်မည့် အစီအမံနှင့် ဆင်သေချောင်း၏ ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ရမည့် အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဆင်သေချောင်းတံတား (ပုပ္ပါးကုန်း)သို့ ရောက်ရှိရာ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းက ဆင်သေချောင်းတံတား (ပုပ္ပါးကုန်း) တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းတို့၏ မူလပျက်စီးမှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေ၊ ပုပ္ပါးကုန်းတံတားနှင့် ဒိုးပင်ခုံးတံတား နှစ်စင်းအကြား လမ်းတာပေါင် မူလပျက်စီးမှုများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး တံတားနှစ်စင်း၏ ကြံ့ခိုင်မှု၊ ဆင်သေချောင်း၏ရေစီးဆင်းမှုနှင့် ရေလမ်းကြောင်း အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးမြင့်သာယာတံတားသို့ ရောက်ရှိရာ တာဝန်ရှိသူများက တံတားထိပ်ခုံပျက်စီးခဲ့မှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေ၊ ပြင်ဆင်ဆောင်ရွက်မည့် နည်းလမ်းများနှင့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ် စစ်ဆေးကြပ်မတ်ရန် မှာကြားသည်။

ထို့အတူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ဆင်သေချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေလမ်းကြောင်းများ ကောင်းမွန်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားကြံ့ခိုင်မှုနှင့် ရေလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်စေရန်၊ စည်းလုံးညီညွတ်စေရန်၊ အားကစားစိတ်ဓာတ်ဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်နိုင်စေရန်နှင့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ၂၀၂၄ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုအဆင့် ပတ်လည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်းတွင် အုပ်စုအဆင့်ပွဲစဉ်များ စတင်ကျင်းပရာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအသင်းက မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

မွန်းလွဲပိုင်းတွင် အုပ်စုအဆင့်ပွဲစဉ်များဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးရုံးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းအသင်းက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းက ပြန်ကြားရေးဝန်ကြီးရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါ ၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား (အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ စုစုပေါင်း အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ရာ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းတို့သည် လည်းကောင်း၊ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းတို့သည် လည်းကောင်း ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**




**၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက်**
**ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု**
**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်**

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပဲခူးမြို့၌ တိုင်းရင်းသားရိုးရာအက သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ပဲခူး စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနက ကြီးမှူးကျင်းပဖွင့်လှစ်ခဲ့သည့် တိုင်းရင်းသားရိုးရာ အကသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ဖျော်ဖြေတင်ဆက်**

ဦးစွာ ရှမ်းတိုင်းရင်းသားများက ရှမ်းလက်သိုင်း၊ ဓားသိုင်းအကများဖြင့်လည်းကောင်း၊ ရှမ်းတိုင်းရင်းသူများက ရှမ်းနှစ်သစ်ကူးကျေးလက်အကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း နေထိုင်သည့် တိုင်းရင်းသားအားလုံး၏ နေ့ထူးနေ့မြတ် အခမ်းအနားများ၊ စာပေ၊ ဘာသာစကား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုသင်တန်း ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့်မိမိတို့တိုင်းရင်းသားများ၏ရိုးရာအကများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ တိုင်းရင်းသားလူငယ်များအနေဖြင့် မိမိတို့ရိုးရာအကများကို စဉ်ဆက်မပြတ်စေရန် သင်ကြားပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိခဲ့ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့၏ ရိုးရာအကများကို လက်ဆင့်ကမ်းသယ်ဆောင်ပြီး ပဲခူးတိုင်းဒေသကြီး၏ နေ့ထူးနေ့မြတ်အခမ်းအနားများ၊ ဖျော်ဖြေရေးလုပ်ငန်းများတွင် တိုင်းရင်းသားများအားလုံး ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက ချင်းတိုင်းရင်းသားရိုးရာအက၊ ကရင်တိုင်းရင်းသားရိုးရာ အက၊ ရှမ်းတိုင်းရင်းသားရိုးရာသင်္ကြန်အကတို့ဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က တိုင်းရင်းသား အကအဖွဲ့များ အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

# ညောင်ရွှေမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိရေး တွင်းဆေး၊ တွင်းမှုတ်လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ညောင်ရွှေ စက်တင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာသုံးရွာရှိ ရေတွင်းများကို တွင်းဆေး၊ တွင်းမှုတ် ဆောင်ရွက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက တိုင်ဖွန်းမုန်တိုင်း ရာဂီဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် ကျော့မောင်ငယ် ကျေးရွာ၊ ဇန်းမော်ကျေးရွာနှင့် ရွှေရန်ပြေကျေးရွာတို့ရှိ စုစုပေါင်း လက်တူးတွင်း ရစ်တွင်းအား သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် တွင်းဆေးတွင်းမှုတ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ⅢⅢ

# ကြို့ပင်ကောက်မြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်လှစ်

ကြို့ပင်ကောက် စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အမှတ် (၃၂) စက်မှုလယ်ယာစခန်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးက အဖွင့်အမှာစကား ပြောကြားပြီး သာယာဝတီခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းအထောက်အကူပြု စာရေးကိရိယာများကို သင်တန်းသားများထံ ထောက်ပံ့ပေးအပ်သည်။




အဆိုပါ သင်တန်းကို စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၄ ရက်အထိ သင်တန်းကာလ ၁၂ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ စက်မှုကျွမ်းကျင် -၃ နှင့် စက်မောင်း -၃ ဝန်ထမ်းများက သင်တန်းသားတောင်သူ ၃၀ အား စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပဲခူးမြစ်ရေ ပဲခူးမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကျီးနီကန်ဆည်ရေသောက်စနစ် ပြုပြင်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကျီးနီကန်ဆည်ရေသောက်စနစ် ရေပေးတူးမြောင်းအချို့ ရေတိုက်စားသဖြင့် ဖြစ်ပေါ်လာသည့်ပျက်စီးမှုများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားကြီးများအသုံးပြု၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ တမံနှင့် ရေတံခါးကြံ့ခိုင်မှု၊ အရန်ရေပိုလွှဲနေရာကို ယာယီဆောင်ရွက်ထားရှိမှုနှင့် ရေလှောင်ကန်အတွင်း သဲနုန်းပို့ချမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ထိခိုက်ပျက်စီးခဲ့သည့် တူးမြောင်းအပိုင်းများကို မိုးစပါးစိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်၊ နွေစပါးနှင့် နွေသီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရေပိုမိုသိုလှောင်နိုင်ရေး စီမံထားရှိရန်၊ စိုက်ပျိုးရေပေးဝေရာတွင် အလေအလွင့်



နည်းပါးစွာဖြင့် ရေထိန်းညှိ၍ စနစ်တကျစီမံခန့်ခွဲရန်၊ ရေလှောင်ကန်အထက်ပိုင်းရှိ နုန်းတား နှစ်ခုကို ပြန်လည်စစ်ဆေးရန်၊ ရေလှောင်ကန်အတွင်း သဲနုန်းတူးဖော်နိုင်ရေး တွက်ချက်တင်ပြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရာဂီမုန်တိုင်းဖြစ်စဉ်ကြောင့် စက်တင်ဘာ ဒုတိယပတ်တွင် ကျီးနီကန်သို့ဝင်ရေ ဧကပေ ၂၆၀၀၀ ခန့် ရုတ်တရက်ဝင်ရောက်ခဲ့သော်လည်း ကန်သိုလှောင်နိုင်သည့် ပမာဏထက် ပိုလျှံရေများကို ပင်မရေပိုလွှဲ၊ ရေတံခါးတပ် သဲထုတ်ရေတံခါးနှင့် အရန်ရေပိုလွှဲတို့မှ ဧကပေ ၁၈၇၀၀ ခန့် ပုံမှန်အတိုင်း စီးဆင်းစေနိုင်ရေးကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အချိန်မီ စီမံဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းငါးလုပ်ငန်းစခန်းရှိ ငါးမွေးကန်အချို့ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရေနုတ်မြောင်း ပြန်လည်တူးဖော်နေမှုနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရေဆင်းဆည်ရေသောက်စနစ် ရေပေးတူးမြောင်းအချို့ ရေတိုက်စားမှုဖြစ်ပေါ်သဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားကြီးများအသုံးပြု၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တောင်ကျချောင်းရေမြင့်တက်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နမ့်လပ်ချောင်းကူးတံတားကို ပြန်လည်တည်ဆောက်ပြီးဖြစ်၍ ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်

နေပြည်တော် စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် စက်တင်ဘာ ၁၀ ရက် နံနက် ၂ နာရီမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နမ့်လပ်ချောင်းတောင်ကျရေများ မြင့်တက်လာပြီး ကျိုင်းတုံ-လွိုင်မွေ ကားလမ်းပေါ်ရှိ အရှည်ပေ ၆၀၊ အကျယ် ၁၉ ပေရှိ နမ့်လပ်ချောင်းကူး သံကူကွန်ကရစ်တံတားသည် စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီခွဲခန့်တွင် ပြိုကျပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိဘဲ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးသွားသော နမ့်လပ်ချောင်းကူးတံတားနေရာတွင် သံပေါင်ဘေလီတံတား အစားထိုးတည်ဆောက်နိုင်ရေး ခရိုင်လမ်းဦးစီးဌာနမှ အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် အရွယ်အစား အရှည်ပေ ၈၀၊ အကျယ် ၁၂ ဒသမ ၈ ပေ၊ ခံနိုင်ဝန် ၁၃ တန်ရှိသည့် သံပေါင်ဘေလီတံတားကို တည်ဆောက်ပြီးစီးပြီဖြစ်၍ ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အက်တမ် (ATOM)က ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး မတည်ငွေ ကျပ်သိန်း ၁၀၀၀၀ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၃

ရေကြီးရေလျှံမှုဒဏ်ကို ကြုံတွေ့ခံစားခဲ့ရသည့် မြန်မာနိုင်ငံအတွင်းမှ လူမှုအသိုင်းအဝိုင်းများ ပြန်လည်ထူထောင်ရေးနှင့် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ လျင်မြန်စွာပေးအပ်နိုင်ရန်အတွက် အက်တမ် (ATOM)က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးမတည်ငွေကျပ်သိန်း ၁၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ငွေကြေးလှူဒါန်းထောက်ပံ့ပေးမှုအပြင် ရေဘေးသင့် အက်တမ်(ATOM)အသုံးပြုသူများအတွက် ရည်ရွယ်ကာ ၇၈၈၇ hotline ဖုန်းနံပါတ်သို့ဆက်သွယ်ပြီး အခမဲ့ကျန်းမာရေး ဆွေးနွေးတိုင်ပင်မှုရယူနိုင်သည့် ဝန်ဆောင်မှုများကိုလည်း ပေးအပ်လျက်ရှိကြောင်း၊ ထို့အပြင် အက်တမ် (ATOM)မှ အသုံးပြုသူများအနေဖြင့် ရေဘေးအတွက် မိမိပါဝင်လှူဒါန်းလိုသည့်ပမာဏကို အက်တမ် (ATOM)ဖုန်းဘေလ်နှင့် ၆၆၆၆ ကို SMS စာတိုပေးပို့လှူဒါန်းနိုင်သည်ဟု တိုက်တွန်းဖိတ်ခေါ်ထားကြောင်း၊ ထိုနည်းတူ အက်တမ်(ATOM)ကလည်း အသုံးပြုသူများ လှူဒါန်းမှုပမာဏ၏ဆတူ ထပ်ဆောင်းအင်အားဖြည့် ပါဝင်လှူဒါန်းသွားမည်ဖြစ်သည့်အတွက် အကူအညီလိုအပ်သူများထံသို့ လှူဒါန်းမှုနှစ်ဆရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

ရာဂီတိုင်ဖွန်းမုန်တိုင်း၏ နောက်ဆက်တွဲ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ လူပေါင်းထောင်ချီ အိုးအိမ်မဲ့အခြေအနေသို့ ရောက်ရှိခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားခဲ့ရသည့် အခြေအနေတွင် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ လျင်မြန်စွာရောက်ရှိပေးပို့နိုင်ရန်အတွက် ယခုကဲ့သို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အကူအညီလိုအပ်သည့် နေရာများသို့ အလှူပစ္စည်းများ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရန်အတွက် ATOM အနေဖြင့် သက်ဆိုင်ရာ ပြည်တွင်းအဖွဲ့အစည်းများ၊ အာဏာပိုင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုထက်

# ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ခံစားရသူများကို ကြက်ခြေနီများက အကူအညီပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၃

ဒေသအချို့တွင် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ခံစားရသူများအား ကြက်ခြေနီစေတနာလုပ်အားရှင်များက လူမှုကရုဏာ အကူအညီများ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်ထိုက်အုပ်စု ဝမ်ကျန်ကျေးရွာတွင် ရေဘေးသင့်၍ နေအိမ်ပြိုပျက်သွားသော အိမ်ထောင်စု ခုနစ်စုအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သည့် အသုံးအဆောင်ပစ္စည်းများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဒေသခံကြက်ခြေနီ စေတနာလုပ်အားရှင်များက သွားရောက်ကူညီထောက်ပံ့ပေးသည်။



ထို့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ညောင်ရွှေမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား အစားအစာ၊ အဝတ်အထည်နှင့် အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများကို သွားရောက်ထောက်ပံ့ပေးသည်။

အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဘေးသင့်ပြည်သူများအား ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးခြင်း၊ စားစရာများပေးဝေခြင်း၊ ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုပေးခြင်းတို့ကို ဒေသခံကြက်ခြေနီစေတနာလုပ်အားရှင်များက ကူညီပေးလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များတွင် ရေကြီးရေလျှံမှုများကြောင့် ကွဲကွာပျောက်ဆုံးနေသော မိသားစုဝင်များအား ပြန်လည်ရှာဖွေနိုင်ရေးအတွက်လည်း ကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့် ကြက်ခြေနီဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၃

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# သီရိလင်္ကာနိုင်ငံ၌ သမ္မတသစ်ရွေးကောက်တင်မြှောက်ပြီးနောက် ဝန်ကြီးချုပ် ဂူနာဝါဒီနာရာထူးမှ နုတ်ထွက်

**ကိုလံဘို စက်တင်ဘာ ၂၃**

သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် ဂူနာဝါဒီနာသည် ဒစ်ဆာနာယာကီအား သမ္မတသစ်အဖြစ် ရွေးကောက်ခံရပြီးနောက် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် နုတ်ထွက်စာတင်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ နဝမမြောက်သမ္မတအဖြစ် ဒစ်ဆာနာယာကီအား ရွေးကောက်တင်မြှောက်လိုက်ခြင်းဖြင့် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရာထူးမှနုတ်ထွက်ကြောင်း ဝန်ကြီးချုပ် ဂူနာဝါဒီနာက ၎င်း၏နုတ်ထွက်စာတွင် ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသမ္မတရွေးကောက်ပွဲတွင် ဒစ်ဆာနာယာကီ အနိုင်ရပြီးနောက် စက်တင်ဘာ ၂၂ ရက်ညပိုင်းတွင် ဒစ်ဆာနာယာကီအား ဂူနာဝါဒီနာက ဂုဏ်ပြုစကားပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပသော သမ္မတရွေးကောက်ပွဲ၌ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏နဝမမြောက်သမ္မတအဖြစ်ရွေးကောက်တင်မြှောက် ခံရခြင်းအတွက် လေးစားစွာဂုဏ်ပြုပါကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

"သီရိလင်္ကာနိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံသားတွေ ရင်ဆိုင်နေရတဲ့ ခက်ခဲကြမ်းတမ်းတဲ့ အခြေနေတွေကနေ ပြန်လည်ဆယ်ယူနိုင်ရေးအတွက် ကျွန်တော်တို့ လုပ်ခဲ့တဲ့အလုပ်တွေကို ဆက်လုပ်ခြင်းအားဖြင့် သမ္မတအနေနဲ့ ပြည်သူတွေရဲ့ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဂူနာဝါဒီနာက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



# အစ္စရေးက လက်ဘနွန်နိုင်ငံတွင် လေကြောင်းတိုက်ခိုက်မှုပေါင်း ၁၂၀ ကျော် ပြုလုပ်

**ဘေရွတ် စက်တင်ဘာ ၂၃**

အစ္စရေး စစ်လေယာဉ်များသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဟစ်ဇ်ဘိုလာနယ်မြေများနှင့် လက်ဘနွန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် လေကြောင်း တိုက်ခိုက်မှု ၁၂၀ ကျော် ပြုလုပ်ခဲ့ကြောင်း လက်ဘနွန် စစ်ဘက်သတင်းရင်းမြစ်များက ပြောကြားသည်။

အစ္စရေးစစ်လေယာဉ်များသည် နာရီဝက်ခန့်အတွင်း လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက် သတင်းရင်းမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အစ္စရေးစစ်ဘက်သည် စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကြိုးမဲ့ဆက်သွယ်ရေး ကိရိယာများကို ပစ်မှတ်ထားသည့် ဗုံးကြဲတိုက်ခိုက်မှုများအပြီးတွင် လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို ပြင်းထန်စွာစီးနင်း တိုက်ခိုက်ခဲ့ပြီး အနည်းဆုံး လူ ၃၇ ဦး သေဆုံးကာ ၃၀၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အစ္စရေးစစ်ဘက်နှင့် ဟစ်ဇ်ဘိုလာတို့သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်ကတည်းက အစ္စရေး–လက်ဘနွန် နယ်စပ်တစ်လျှောက် အပြန်အလှန်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီး တစ်နှစ်နီးပါးကြာ ထိပ်တိုက်ရင်ဆိုင်မှုများသည် စစ်ပွဲကြီးအဖြစ်သို့ ပြောင်းလာမည်ကို စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

**ကိုးကား – ဆင်ဟွာ ဘာသာပြန် – အလင်းသစ်**




# တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်း

**ဆိုးလ် စက်တင်ဘာ ၂၃**

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ယခုလ ပထမရက် ၂၀ အတွင်း အနည်းငယ်ကျဆင်းခဲ့ကြောင်း စက်တင်ဘာ ၂၃ ရက်တွင် ဖော်ပြခဲ့သည့် တောင်ကိုရီးယားနိုင်ငံ အကောက်ခွန်ရုံး၏ အချက်အလက်များအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ အကောက်ခွန်ရုံး၏အဆိုအရ စက်တင်ဘာ ၁ ရက်မှ ၂၀ ရက်အတွင်း ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှာ ယခင်နှစ်ကထက် ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

အဆိုပါ ရက်၂၀ ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ နေ့စဉ်ပျမ်းမျှ ပို့ကုန်တန်ဖိုးသည် ၁၈ ဒသမ သုညရာခိုင်နှုန်း တိုးတက်ခဲ့သည်။ စက်တင်ဘာလ၏ ရက် ၂၀ တာကာလအတွင်း သွင်းကုန်တန်ဖိုးမှာ ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကုန်သွယ်မှုပိုငွေ ကန်ဒေါ်လာ ၇၉၉ သန်းအထိ ရှိခဲ့သည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းတင်ပို့မှုမှာ ၂၆ ဒသမ ၂ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၈ ဘီလီယံ) အထိ မြင့်တက်ခဲ့သော်လည်း မော်တော်ယာဉ်တင်ပို့မှုမှာ ၈ ဒသမ ၈ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၈ ဘီလီယံ)အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



# ဂျပန်နိုင်ငံ အီရှီကာဝါစီရင်စု၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်ပွား

**တိုကျို စက်တင်ဘာ ၂၃**

ဂျပန်နိုင်ငံ နိုတိုဒေသ အီရှီကာဝါစီရင်စုတွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်ပွားခဲ့ပြီး ဒေသခံ ခုနစ်ဦး သေဆုံးကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

**ပြန်လည်ရှာဖွေတွေ့ရှိရန် မျှော်လင့်**

၎င်းရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း နေအိမ်အတွင်းကျန်ခဲ့ကာ ပျောက်ဆုံးနေသည့် သမီးဖြစ်သူကို ပြန်လည်ရှာဖွေတွေ့ရှိရန် မျှော်လင့်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ရေကြီးရေလျှံမှုကြောင့် ဖူတီဂါဝါမြို့တွင် အိမ်လေးလုံး ရေထဲမျောပါသွားခဲ့ကာ လက်ရှိအချိန်တွင် ဂျပန်တပ်မတော်သားများ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသူများကို ရှာဖွေနေကြောင်း သိရသည်။ ဝါဂျီမာမြို့ရှိ နာကာယာဥမင်လိုဏ်ခေါင်းတွင် မြေပြိုမှုဖြစ်ပွားရာ ၁၀ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ဂျပန်အစိုးရအနေဖြင့် နိုင်ငံသားများ ထိခိုက်သေဆုံးမှုလျော့နည်းစေရေး ဆောင်ရွက်နေပြီး နိုင်ငံသားများဘက်မှလည်း မိုးလေဝသဆိုင်ရာ ထုတ်ပြန်ချက်များကို သတိပြုလိုက်နာကြရန်လိုအပ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှီမာဆာဟာရာရှီက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ ဘာသာပြန် – စိုးသူရ**

# မလေးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် နိုင်ငံသား ၈၀၀၀ ကျော်ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ကွာလာလမ်ပူ စက်တင်ဘာ ၂၃**

မလေးရှားနိုင်ငံပြည်နယ်များ၌ ဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံသား ၈၅၄၅ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ရေကြီးရေလျှံမှု အဆိုးရွားဆုံးဖြစ်ပွားခဲ့သည့် ကီဒတ်ပြည်နယ်ရှိ ဒေသခံ ၈၃၉၄ဦးကို ကယ်ဆယ်ရေးစင်တာများတွင် ခိုလှုံခွင့်ပေးခဲ့ရကြောင်း လူမှုဝန်ထမ်းဌာနက ပြောကြားသည်။

ကီဒတ်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့်ရေကြီးရေလျှံမှုအခြေအနေများကို ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ကြည့်ရှုစစ်ဆေးခဲ့ပြီး ထောက်ပံ့ငွေ ရင်းဂစ် ၁၃ သန်းကို ပေးအပ်ခဲ့သည်။ ထို့ပြင် ဝန်ကြီးချုပ်က ရေကြီးရေလျှံမှုအခြေအနေ မဆိုးရွားလာစေရေးအတွက် ထပ်မံဆောင်ရွက်ရမည့်လုပ်ငန်းများကို တာဝန်ရှိသူများအား ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့သည်။

လက်ရှိအချိန်တွင် ဆီလန်ဂေါ၊ ပီရတ်နှင့် ဆာရာဝတ်ဒေသများတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသည်။ နိုင်ငံအတွင်း အနောက်တောင်မုတ်သုံရာသီဥတုဝင်ရောက်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းကာ ဆိုးရွားသည့် ရာသီဥတုအခြေအနေများ ဖြစ်နိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် စက်တင်ဘာ ၂၃**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်၌ တရားမဝင် အခြားသစ် သုည ဒသမ ၅၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၃၇)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၂၄၃၇ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင်မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၈၅၃၁၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၄၇ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၇၂၁၉၉၁၉)ကိုလည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၂၀၀၅၂၄၉ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်တွင် ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၃ ဒသမ ၆၀၁ တန်၊ သစ်မာ သုည ဒသမ ၁၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၄၁၇၂၀)ကိုသစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၀၁၇၂၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Canter Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၇၇၂၉၄၀၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများသွားလှူလျှင် အကြမ်းဖက်ဥပဒေဖြင့် ဖမ်းဆီးအရေးယူမည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများ လာရောက်လှူဒါန်းရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အကြောင်းကြားရန် အမိန့်ပေးညွှန်ကြားကြောင်းနှင့် စစ်ရေးတင်းမာနေသော ရေဘေးသင့်ကျေးရွာများကို ကူညီရေးပစ္စည်းများ သွားလှူလျှင် အကြမ်းဖက်ဥပဒေဖြင့်ဖမ်းဆီးအရေးယူမည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ တောင်ငူမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အလှူရှင်များကပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားရှိရာမှ အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများပေါက်ပွားရှင်သန်ကာ ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် အလှူရှင်များက လာရောက်လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် အလှူရှင်များသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တိုက်တွန်းနှိုးဆော် ပန်ကြားထားရှိပြီးဖြစ်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးအခြေအနေအရ စစ်ဆေးဆောင်ရွက်ခြင်းသာရှိပြီး တားဆီးပိတ်ပင်မှုများမရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာလူမှုကူညီရေးအသင်းအဖွဲ့များနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက




အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေး တာဝန်ရှိသူများအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၉-၂၀၂၄ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရျဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သဘာဝဘေးအန္တရာယ်ကိုညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားကြမယ် (Video Clip)
- ၀၉:၁၅ ထူးခြားစုံလင် အာရုပစိပိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'သန်းဝေါင်ကျော်ပြီ' (ပထမပိုင်း)
- ၁၁:၂၅ အိုးအငွေ့တွေကြားမိန်းမောမနေကြဖို့
- ၁၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၄၈)
- ၁၃:၁၀ MRTV National News
- ၁၅:၀၀ မျိုးဝုဏ်တင့်စေဆိုကရေးတီအငွေ
- ၁၆:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၄၀ Clean and Green ဖော်ဆောင်ဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်စို့
- ၁၈:၁၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၉)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၃)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၁၇)

**mitv**

- 07:02 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- 07:12 The Recycle Art: Tyre
- 07:28 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
- 07:36 Family of Toys
- 07:56 World Deaf Day (24th September)
- 08:01 News
- 08:32 Digital Directory on Shwedagon Pagoda
- 08:45 The Listening Eye
- 09:01 Topical Science Topics (Current Life Expectancy and Longevity)
- 09:27 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life
- 09:47 A Nun's Creation in Fruit Carving
- 09:54 Census Enumeration for National Progress
- 10:01 News

**MRTV NRC**

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်မှုဘဝများ (ပိုးမွေးမြူရေး နှင့် ခေါက်ဆွဲနှံ့အကြောင်း)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ရှုမြင်စေချင်ကော်ယော်(မိုနု)တို့ရဲ့ခလေ့အသွင်

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ရောဝတီရဲ့အရှိန်းဆန်တဲ့အလှဂေါ်ရန်ဂျီ (အပိုင်း-၁၄)

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(လူ့ခန္ဓာကိုယ်အစိတ်အပိုင်း)

**ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
ဟင်းသီးဟင်းရွက်အခေါ်အဝေါ်များ (အပိုင်း-၁)

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
လုံယူးပွဲတော်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ (ဆံတော်ရှင်ကျိုက်ထီးရိုး) (အပိုင်း-၁)

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
မာရ်ငါးပါးဘုရားဖူးကြမယ်

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၄၅ Save Our Planet Program
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလှယ်လုပ် အလွဲဖြစ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဆွစ်ဇာလန်နိုင်ငံ'
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၄)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၂၀ ဆည်ရေစနစ်တကျသုံးစွဲဖို့ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ထူထောင်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Gardeners' World 2023 Eps-4
- ၁၈:၃၀ Family Farmers - the Future of Asia and the Pacific (APRC)
- ၁၉:၃၀ TIPS & TRICKS
- ၂၂:၀၀ သားပိုက်ကောင် (ဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၀၀ ရေဘေးသင့်ပြည်သူများပြန်လည်ထူထောင်ရေးရန်ပုံငွေ ပူဆယ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၆:၀၀ ရေဘေးသင့်ပြည်သူများပြန်လည်ထူထောင်ရေးရန်ပုံငွေ ပူဆယ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော် ၁၄ ကြိမ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း (၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဌေးအောင်၊ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲ ဖြစ်သည့် ဗိုလ်တထောင်ခရိုင်ဘောလုံးအသင်းနှင့် ဒဂုံမြို့သစ်ခရိုင်ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲတွင် ဗိုလ်တထောင်ခရိုင်အသင်းက ဒဂုံမြို့သစ်ခရိုင်အသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ တတိယရရှိသည့် မင်္ဂလာဒုံခရိုင်အသင်းအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် ဒဂုံမြို့သစ်ခရိုင်အသင်းအား ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ၂၅ သိန်းကို လည်းကောင်း၊ ပထမရရှိသည့် ဗိုလ်တထောင်ခရိုင်အသင်းအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဌေးအောင်က ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်သိန်း ၅၀ ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)




## ညောင်ရွှေမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား လူသုံးကုန်ပစ္စည်းများ လှူဒါန်း

တောင်ကြီး စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)သမဝါယမအသင်းစုချုပ် တောင်ကြီးမြို့နယ် သမဝါယမ အသင်းစုနှင့် ရွှေမြို့မ သမဝါယမ အသင်းတို့ ပူးပေါင်း၍ ညောင်ရွှေ မြို့နယ် အင်းလေးဒေသရှိ နန့်ပန်ကျေးရွာ၊ အင်းပေါ်ခုံရွာနှင့် မိုင်းသောက်အင်းရွာတို့ရှိ ရေဘေး သင့် သမဝါယမအသင်းသားများ နှင့် ပြည်သူများအား လူသုံးကုန် ပစ္စည်းများနှင့် စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့လှူဒါန်း ခြင်းကို အသင်းအမှုဆောင်များ က အဆိုပါ ကျေးရွာများသို့ သွားရောက်၍ လှူဒါန်းခဲ့သည်။

လှူဒါန်း

အဆိုပါ လှူဒါန်းမှုတွင် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)သမဝါယမအသင်းစုချုပ် က ငွေကျပ် သိန်း ၅၀၊ တောင်ကြီး မြို့နယ် သမဝါယမအသင်းစုက ငွေကျပ်သိန်း ၅၀၊ ရွှေမြို့မ သမဝါယမအသင်းက ငွေကျပ် ငါးသိန်းနှင့် စေတနာရှင်များက ငွေကျပ် ၆ သန်း ၇၅ သိန်း၊ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၁ သန်း ၇၅ သိန်းနှင့် ဆန်၊ ဆီ၊ ဆေး၊ သောက်ရေသန့်ကတ် ၂၄၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်






## ပြင်ဆင်သိမှတ်ပေးပါရန်

စက်တင်ဘာ ၂၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြခဲ့သော ဆောင်းပါးရှင် လှပဟန်(အိမ်ခြံမြေ)၏ ဆောင်းပါးနှင့် ယှဉ်တွဲဖော်ပြခဲ့သော ဓာတ်ပုံမှာ မှားယွင်းသွားပါသဖြင့် ယခုဓာတ်ပုံ ဖြင့် ပြင်ဆင်သိမှတ်ပေးပါရန် စာဖတ်ပရိသတ်အား တောင်းပန်အပ်ပါသည်။

စာတည်း

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၉-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၁၄၀ | ၃၁၁၅ | ၃၀၇၀ | ၃၁၄၅ | ၃၁၅၅ | ၃၁၇၀ | ၃၁၂၀ | ၃၂၅၀ | ၃၂၈၀ | ၃၁၃၀ | ၃၁၄၅ | ၃၁၈၀ | ၃၁၆၅ | ၃၁၈၀ | ၃၅၈၅ | ၄၈၀၀ |
| 95 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၅ | ၃၂၉၅ | ၃၃၁၀ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၀၀၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၅ | ၂၆၃၀ | ၂၅၈၅ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၀ | ၂၆၈၀ | ၂၆၉၅ | ၃၀၉၅ | ၄၈၀၀ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၃ |
| 95 Ron | ၃၀၅၀ | ၃၁၄၅ |
| HSD (500 ppm) | ၂၄၃၀ | ၂၅၀၉ |
| HSD (50 ppm) | ၃၀၇၂ | ၃၁၆၃ |
| HSD (10 ppm) | ၃၀၇၂ | ၃၁၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



ချောင်းဦးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ချောင်းဦးမြို့ အနော်ရထာခန်းမရှေ့ မုံရွာ-မန္တလေး ကားလမ်းမပေါ်ရှိ ခရီးသွားလာနေကြသည့် ပြည်သူများ အား ပြည်ထောင်စုဖဟိုသန်းခေါင်စာရင်းကော်မရှင်မှ အခမဲ့ထုတ်ဝေ သည့် သန်းခေါင်စာရင်းကောက်ယူခြင်းအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကို မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဖြန့်ဝေပေးနေစဉ်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

## ကယားပြည်နယ် ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့သော ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံနှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့

**လွိုင်ကော် စက်တင်ဘာ ၂၃**

ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ်အတွင်း ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ကူညီဆောင်ရွက်လျက်ရှိပြီး အဆိုပါစခန်းများတွင် နေထိုင်နေသော ကျောင်းသား ကျောင်းသူများ၏ ပညာရေးနှောင့်နှေးမှုမရှိစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ရေကြီးရေလျှံမှုကြောင့် ကျောင်းများအားယာယီပိတ်ထားသော်လည်း ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ ကျောင်းမပျက်စေရန် အခြားစာသင်ကျောင်းများနှင့် တွဲဖက်သင်ကြားနိုင်ရန် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အခက်အခဲများကိုစိစစ်ပြီး တာဝန်ရှိသူများအနေဖြင့် အဆင်ပြေစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြရန်နှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားခဲ့သည်။



ထို့နောက် ပြည်နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက ရေဘေးသင့်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များ၊ အခက်အခဲများကို ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလက(၂)တွင် ယာယီတွဲဖက်၍ စာသင်ကြားလျက်ရှိသော ရေဘေးရှောင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး သင်ကြားရေးတွင် အခက်အခဲများ မဖြစ်စေရေး ဆရာ ဆရာမ ၃၃ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၈၂ ဦးအတွက် စုစုပေါင်းငွေကျပ် ၇၄၂၁၅၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများနှင့် ဗလာစာအုပ်၊ ခဲတံများ၊ သင်ရိုးညွှန်းတမ်း စာအုပ်များကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပြည်နည်းပညာတက္ကသိုလ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုသုတေသနပြပွဲ အခမ်းအနားကျင်းပ




**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်နည်းပညာတက္ကသိုလ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သုတေသနပြပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က Hybrid စနစ်ဖြင့် ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်သည်။

**ကပြဖျော်ဖြေ**

နံနက်ပိုင်း၌ အခမ်းအနားပထမပိုင်းတွင် ပြည်နည်းပညာတက္ကသိုလ် ကျောင်းသူများက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဂုဏ်ပြုသီချင်းဖြစ်သော **"နိုင်ငံတော်အသစ်ရဲ့ ခွန်အားသစ်"** သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အဖွင့်အမှာစကားပြောကြားရာတွင် **မြန်မာနိုင်ငံသမိုင်း၌ ပျူလူမျိုးတို့သည် အစောဆုံးမြို့ပြနိုင်ငံများကို တည်ထောင်ခဲ့ကြပြီး သရေခေတ္တရာမြို့ဟောင်းသည် ပထမဆုံးယဉ်ကျေးမှုအမြင့်မားဆုံးသော မြို့ပြတစ်ရပ်လည်း ဖြစ်ခဲ့ကာ ပျူလူမျိုးတို့၏ အင်ဂျင်နီယာပညာရပ်များ၊ နည်းပညာများဖြင့် မြို့ပြယဉ်ကျေးမှု တိုးတက်ထွန်းကားမှု မှတ်တမ်းများကို အထင်အရှား တွေ့မြင်ရသည်ဖြစ်ရာ အင်ဂျင်နီယာဘွဲ့ချီးမြှင့်အပ်နှင်းသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ကျင်းပသော အခမ်းအနားသည် အဓိပ္ပာယ်ပြည့်ဝလှကြောင်း၊ သမိုင်းဝင်ဖြစ်သော ကနောင်မင်းသားကြီး၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ မြတောင်မြို့စား ပန်းပဲဝန်ဦးမှို၊ မြန်မာ့ပထမဆုံး (ကုန်းဘောင်ခေတ်) အင်ဂျင်နီယာ ဖန်ချက်ဝန် ဦးရွှေအိုး၊ လွတ်လပ်ရေးကျောက်တိုင် ပုံစံထုတ်ရေးဆွဲခဲ့သူ ဗိသုကာ ဦးအုန်းကြိုင်စသော မြန်မာ့အင်ဂျင်နီယာများ၏ ထူးခြားပြောင်မြောက်လှသော အင်ဂျင်နီယာ၊ ဗိသုကာ ပညာရပ်များဖြင့် တိုင်းကျိုးပြည်ပြု စွမ်းဆောင်မှုများကို ယနေ့ခေတ် အင်ဂျင်နီယာ ကျောင်းသားများ သိရှိကာ အားကျအတုယူကြရန် လိုအပ်ကြောင်း၊ နည်းပညာတီထွင်ဆန်းသစ်မှု သုတေသနရလဒ်များကို နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် လက်တွေ့ကျကျ အသုံးချဆောင်ရွက်သွားရန် လိုအပ်ကြောင်း** တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နည်းပညာတက္ကသိုလ်၌ ပထမဆုံးပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိမြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌဖြစ်သူ ဒေါက်တာအောင်ကျော်မြတ်က အွန်လိုင်းမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနက အွန်လိုင်းမှ MSME ဖွံ့ဖြိုးရေးအတွက် သုတေသန ရလဒ်များမှ ဆက်လက်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများက ပျူအကဖြင့် ကပြဖျော်ဖြေကြသည်။ ဆက်လက်၍ ပြည်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အခမ်းအနားအကြောင်းကို လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ် (ပြည်) ဒုတိယပါမောက္ခချုပ်က တန်ခိုးကြီးဘုရားကြီးများ၏ Pagoda Digital Directory ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ပြည်နည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသားတစ်ဦးက သရေခေတ္တရာမြို့ဟောင်း၌အဖွဲ့လိုက်လေ့လာတွေ့ရှိမှုများကိုလည်းကောင်း၊ ပြည်နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် (ပြည်)တို့မှ ကျောင်းသားများက ပရောဂျက်များအကြောင်းကို လည်းကောင်း Power Point ဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်(ပြည်)တို့မှ ကျောင်းသားများ၏ သုတေသနပရောဂျက်များကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်း၌ အခမ်းအနားဒုတိယပိုင်းတွင် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ငွေတံဆိပ်ဆုရ ပြည်နည်းပညာတက္ကသိုလ်မှ မမေမြတ်မွန်က "နှလုံးသားကို အလှဆင်ပါ" သီချင်းကို သီဆိုဖျော်ဖြေသည်။ ထို့နောက် ပြည်နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းကို တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဖျော်ဖြေရေးအဖွဲ့တို့ထံ ဂုဏ်ပြုဆုငွေနှင့် အမှတ်တရပန်းခြင်းတို့ကို ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေခြည်လွဲ့လွဲ့သိန်းနှင့် ပြည်နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်(ပြည်)တို့မှ ဒုတိယပါမောက္ခချုပ်တို့က ပရောဂျက်ဆုရအဖွဲ့များထံ ဂုဏ်ပြုဆုများနှင့် တာဝန်ရှိသူများထံ ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တောင်ငူမြို့၌ ရေများပြန်လည်ကျဆင်းသွားသည့်အတွက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**တောင်ငူ စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ စစ်တောင်းမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအား စက်တင်ဘာ ၂၃ ရက်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ခဲ့ပြီး ရေဘေးသင့်ခဲ့သည့် ရပ်ကွက်/ကျေးရွာ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ သာသနိကအဆောက်အအုံများအား မြို့လုံးကျွတ်စုပေါင်းလုပ်အားပေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအား စက်ယန္တရားများ အသုံးပြု၍ ပြန်လည်တူးဖော်ခြင်း၊ ရေစီးနှင့်အတူ မျောပါ ပိတ်ဆို့နေသည့် အမှိုက်သရိုက်များ၊ ဒိုက်များ ပြန်လည်ဆယ်တင်ခြင်း၊ အပျက်အစီးများအား ရှင်းလင်းဖယ်ရှားခြင်း၊ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်းတို့ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာရှင် လူမှုရေးအဖွဲ့အစည်းများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဦးဆောင်သည့် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများက နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အလေးထားကာကွယ်ရမည့် သတင်းတု၊ သတင်းမှားအန္တရာယ်

မြင့်ကျော်(ဇလွန်)

သတင်းအချက်အလက်သိရှိရေးသည် ခေတ်အဆက်ဆက်မည်သည့် စနစ်မဆို အရေးပါသော အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖြစ်တည်တိုးတက်မှုများတွင် သတင်းအချက်အလက်များအပေါ် အခြေခံပြီး ကူးလူးဆက်ဆံ၊ ရင်းနှီးမတည်၊ လက်ခံယုံကြည်၍ အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။ သတင်းကြိုတင်သိရှိမှု၊ သတင်းမှန်များ နေ့စဉ်ပျံ့နှံ့ရောက်ရှိမှုနှင့် သတင်းမှားများ/ သတင်းတုများ/ လုပ်ကြံဝါဒဖြန့်မှုများကို ကာကွယ်တားဆီးနိုင်မှုသည် နိုင်ငံတိုင်းအတွက် အရေးပါသော အခြေအနေတစ်ရပ်ဖြစ်လာပါသည်။ နည်းပညာတိုးတက်လာမှုနှင့်အတူ သတင်းမှန်များ၏ အရေးပါမှုသည်လည်း တိုင်းပြည်နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီး သတင်းလိမ်/ သတင်းတု/ သတင်းမှား/လုပ်ကြံသတင်းများ၏ အန္တရာယ်များသည် နေရာတိုင်းတွင် သက်ရောက်မှုရှိလာနေပြီဖြစ်သည်။

## သတင်းမှား/ သတင်းတု/ လုပ်ကြံသတင်း

ရှေးယခင်က ကောလာဟလဟု လူသိများသော သတင်းတု/ သတင်းမှားများကြောင့် မြန်မာရာဇဝင်တွင်လည်း တိုင်းပြည်ကစဉ့်ကလျားပျက်ပြားသည်အထိ သာဓကများ ရှိခဲ့ဖူးသည်။ ယခုကာလတွင် သတင်းအတုဟုလည်းသိကြသော သတင်းမှားသည် မမှန်မကန် အစီရင်ခံခြင်းအဖြစ် ပျံ့နှံ့ခြင်းကိုရည်ညွှန်းပြီး သတင်းစားသုံးသူကို လှည့်ဖြားမှု၊ ဝါဒဖြန့်မှု သို့မဟုတ် အထင်အမြင်လွဲမှားစေသော ပုံစံအမျိုးမျိုးဖြင့် အလွယ်တကူပျံ့နှံ့စေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ လူမှုမီဒီယာနှင့် အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် မှားယွင်းသောအချက်အလက်များကို အမှန်ဟုယုံကြည်သူများက ထပ်ဆင့်မျှဝေခြင်းနှင့် မဟုတ်မမှန်သော သတင်းများအား ကြည့်ရှုသူများကို လှည့်ဖြားရန် သို့မဟုတ် အယုံသွင်းခြယ်လှယ်ရန် ရည်ရွယ်ချက်ထားကာ မဟုတ်မမှန်သတင်းများ ဖြန့်ကြက်ခြင်းတို့ဖြင့် လုပ်ကြံသတင်းများကို အကွက်ကျကျဆောင်ရွက်လေ့ရှိကြသည်။ သမားရိုးကျပုံစံထက် အတားအဆီးမဲ့ အလွယ်တကူ လူတိုင်းလက်လှမ်းတစ်မီ အသုံးပြုနေကြသော အွန်လိုင်းပလက်ဖောင်းများ၏ ဘက်လိုက်ခြင်း၊ ၎င်းတို့ အကျိုးစီးပွားအတွက် မီဒီယာကျင့်ဝတ်များကို မစောင့်ထိန်းဘဲ နိုင်ငံများ၊ ဒေသများအပေါ် လွှမ်းမိုးချုပ်ကိုင်ခြင်းများသည် တစ်ရှိန်ထိုး သိသာထင်ရှားလာသည့် အခြေအနေများအဖြစ် မြင်တွေ့ကြားသိနိုင်သည်။ ယင်းတို့သည် သတင်းတု/သတင်းမှား/ လုပ်ကြံသတင်းများ ဖန်တီးထုတ်လုပ်ဖြန့်ချိမှုတို့ကို စီးပွားရေးသဖွယ် အမြစ်တွယ်စေနိုင်သော အကြောင်းရင်းတစ်ရပ် ဖြစ်လာပါသည်။

## သတင်းတု/သတင်းမှား တိုက်ဖျက်ရေး

သတင်းတု/ သတင်းမှားများကြောင့် ဖြန့်ဝေသူသည် အကျိုးအမြတ်များစွာရရှိပြီး သတင်းတု/ သတင်းမှားကို ယုံကြည်မိသောသူများအတွက် ထိခိုက်နစ်နာမှုများဖြစ်သည်သာမက သတင်းတု/ သတင်းမှားနှင့် တိုက်ရိုက်မသက်ဆိုင်သော လူထုလူတန်းစားများကိုပါ မကောင်းသည့်ဆိုးကျိုးသက်ရောက်မှုများ အချိန်မဆိုင်းရရှိခံစားစေတတ်သော သဘောရှိသည်။ သတင်းမှားများ မပြန့်ပွားရေးနှင့် သတင်းမှားများအပေါ် ယုံကြည်အားကိုးမှုမလွန်ကဲရေးမှာ တိုင်းပြည်နိုင်ငံတစ်ခု၏ အစိုးရတာဝန်ဖြစ်သည်သာမက နိုင်ငံသူ နိုင်ငံသားအားလုံး တစ်ဦးချင်းစီက အသိတရားလက်ကိုင်ထားပြီး သတိထားကာကွယ် တိုက်ဖျက်ကြရန် အရေးကြီးလှပါသည်။ သတင်းမှန်နှင့် သတင်းမှား ခွဲခြမ်းစိတ်ဖြာရေးတွင် အောက်ပါအခြေခံအချက်များကို အထူးဂရုပြုကြရမည်ဖြစ်သည်–

(၁) သတင်းတိုင်းကို ဝေဖန်ပိုင်းခြားပြီး ကြည့်ရှုယုံကြည်ခြင်း
(၂) သတင်းအရင်းအမြစ်ပေါ် ဆန်းစစ်လေ့လာခြင်း
(၃) လုပ်ကြံသတင်းများ/ ထင်ယောင်ထင်မှားသတင်းများ
(၄) ဖြတ်ညှပ်ကပ်ပေါင်းစပ်ထားသောသတင်းနှင့်အယူအဆများ
(၅) လှုံ့ဆော်မှုများ၊ တိုက်တွန်းချက်များ၊ အယုံသွင်းမှုများ
(၆) အကြောင်းအရာတစ်ခုတည်းကို ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်ရသောသတင်းများ
(၇) သဘာဝလွန်၊ ယုတ္တိတန်သော သတင်းများ
(၈) ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် အရေးကြီးထုတ်ပြန်ချက်များ
(၉) ပဋိပက္ခများ ဖြစ်ပွားစေရန် လှုံ့ဆော်ဝါဒဖြန့်မှုများ
(၁၀) အမုန်းတရား၊ အမုန်းစကားများနှင့် စွပ်စွဲပြောဆိုမှု အစွန်းရောက်သတင်းများ

## အာဆီယံဒေသတွင်း သတင်းတု/ သတင်းမှား တိုက်ဖျက်ရေး

သတင်းတု/ သတင်းမှားအန္တရာယ် ကြီးမားကျယ်ပြန့်လာသောကြောင့် အာဆီယံအဖွဲ့ကြီးသည်လည်း သတင်းတု/သတင်းမှား တိုက်ဖျက်ရေးကို ဘက်စုံချဉ်းကပ်မှုများဖြစ်သော ဥပဒေဖြင့်တားဆီးခြင်း (Legislative Measures)၊ တီထွင်ဆန်းသစ်သည့် နည်းပညာဖြင့်တားဆီးခြင်း (Technological Innovation )၊ မီဒီယာသိနားလည်မှု (Media Literacy)၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (International Cooperation) တို့ဖြင့် လုပ်ဆောင်ကြရန် ကြိုးပမ်းလျက်ရှိပါသည်။ အာဆီယံအဖွဲ့ကြီးသည် သတင်းတု/ သတင်းမှားများ ကာကွယ်တားဆီးနိုင်ရေးနှင့် သတင်းမှန်များ ပုံမှန်ထုတ်ပြန်ရရှိနိုင်ရေးအတွက် အာဆီယံဒေသတွင်း သတင်းတု/ သတင်းမှား တိုက်ဖျက်ရေးဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ကျင်းပလျက်ရှိပြီး ယခုမကြာမီကာလတွင် သတင်းတုနှင့် မဟုတ်မမှန်သတင်းများကို တိုက်ဖျက်ရာတွင် အစိုးရသတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ– ဩစတြေးလျ အလုပ်ရုံဆွေးနွေးပွဲ ASEAN– Australia Workshop to Familiarise the ASEAN Guideline on Management of Government Information in Combating Fake News and Disinformation in the Media ကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများက သတင်းတု/ သတင်းမှားတိုက်ဖျက်ရေးကို အာဆီယံအဖွဲ့ကြီးအတွင်း အဖွဲ့ဝင်နိုင်ငံများအလိုက် ရင်ဆိုင်ကြုံတွေ့ဖြေရှင်းဆောင်ရွက်နေရသည်များကို ပူးပေါင်းဆွေးနွေးအဖြေရှာ ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုချင်း သတင်းတု/ သတင်းမှား တိုက်ဖျက်ရေး ဆောင်ရွက်နေမှုများကို အောက်ပါအတိုင်း လေ့လာသိရှိရပါသည်–

> **သတင်းတု၊ သတင်းမှားများ၏ အန္တရာယ်သည် တစ်ဦးတစ်ယောက်ချင်းစီသာမက မိမိနိုင်ငံ၏ အချုပ်အခြာပိုင်ဆိုင်မှုအရာမှန်သမျှ ထိခိုက်ပျက်ပြားနိုင်သောကြောင့် ပြည်သူတစ်ဦးချင်းစီမှ အမှားအမှန် ဝေဖန်ပိုင်းခြား သိရှိနိုင်စွမ်းရှိရေးသည် အရေးကြီးသောအချက်ဖြစ်ပါသည်။ သတင်းတု၊ သတင်းမှား၊ သတင်းလိမ်၊ လုပ်ကြံသတင်းများကို ယုံကြည်မိ၍ လိုက်ပါလုပ်ဆောင်မှုများကြောင့် မိမိကိုယ်တိုင်၏ အကျိုးစီးပွားသာမက မိသားစု၊ ပတ်ဝန်းကျင်မှသည် မိမိတိုင်းပြည် နိုင်ငံအထိ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိဖြင့် သတင်းအချက်အလက်တိုင်းအပေါ် ဆန်းစစ်ယုံကြည်နားလည်လက်ခံ ဆောင်ရွက်နိုင်ကြခြင်းသည် သတင်းတု၊ သတင်းမှားများ၏ အန္တရာယ်မှ ကာကွယ်နိုင်**

(၁) ဘရူနိုင်း – အမျိုးသားအဆင့် Hotline ဖွင့်လှစ်ထားရှိခြင်း၊ အသိပညာပေးလှုပ်ရှားမှုများအား ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ပုံနှိပ်မီဒီယာ၊ အစိုးရနှင့် ပုဂ္ဂလိက လူမှုမီဒီယာများအပါအဝင် ပလက်ဖောင်းများစွာတွင် ဖော်ပြအသိပေးခြင်း၊ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် အစိုးရအေဂျင်စီများမှ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများ၏ တာဝန်ရှိသူများထံ တိုက်ရိုက်အဆက်အသွယ်ပြုလုပ်ထားခြင်း၊ ICT လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ဆောင်မှုများ အရည်အသွေးကောင်းမွန်စေရန် စားသုံးသူများ၏ အကျိုးစီးပွားကို ကာကွယ်ခြင်းနှင့် ရေဒီယိုလှိုင်းနှုန်းစဉ်များကို စီမံခန့်ခွဲသော သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာနှင့် စက်မှုလုပ်ငန်း အာဏာပိုင်အဖွဲ့ ဖွဲ့စည်းထားရှိခြင်း၊ ဆိုက်ဘာလုံခြုံရေးအဖွဲ့က အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအပါအဝင် အများပြည်သူသို့ ဆိုက်ဘာလုံခြုံရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှုနှင့် ကိုယ်ရေးကိုယ်တာ အန္တရာယ်များအကြောင်း ဘရူနိုင်း အများပြည်သူများအကြား သတိပြုမိစေရန်ရည်ရွယ်၍ Secure Verify Connect (SVC) အသိပညာပေးလှုပ်ရှားမှုတစ်ခု ပြုလုပ်ခြင်းတို့ လုပ်ဆောင်ပါသည်။

(၂) ကမ္ဘောဒီးယား – ပြန်ကြားရေးဝန်ကြီးဌာနက သတင်းတု၊ သတင်းမှား တိုက်ဖျက်သည့် လုပ်ငန်းစဉ်များဖြစ်သော ပြည်သူကို အသိပညာပေးခြင်း၊ သတင်းသမားများကို လေ့ကျင့်သင်ကြားပေးခြင်း၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေဆိုင်ရာ အရေးယူဆောင်ရွက်မှု၊ ခိုင်မာပြီး ယုံကြည်စိတ်ချရသော နိုင်ငံပိုင်မီဒီယာများ ဖန်တီးခြင်း၊ နိုင်ငံတော်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပြောရေးဆိုခွင့်ရှိသူများ အားကောင်းလာစေရန်နှင့် သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ပံ့ပိုးပေးခြင်း၊ သတင်းမီဒီယာများ၏ တာဝန်ခံဖော်ပြထားသည့် စာနယ်ဇင်းဥပဒေ (၁၉၉၅)၊ သတင်းတုများ ဖြန့်ဝေခြင်းအတွက် တရားဝင်နောက်ဆက်တွဲအကျိုးဆက်များကို တားမြစ်ထားသည့် ရာဇသတ်ကြီးပုဒ်မများနှင့် ကြေညာချက် အမိန့်များထုတ်ပြန်ခြင်း၊ ကမ္ဘောဒီးယားသတင်းတု တိုက်ဖျက်ရေးကော်မတီက စောင့်ကြည့်စစ်ဆေးခြင်း၊ အချက်အလက်စစ်ဆေးခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် မမှန်မကန် သတင်းရေးသားမှုများကို အရေးယူခြင်းများ ဆောင်ရွက်ပါသည်။ "သတင်းမှားများကို မပြောပါနှင့်" ဟူသော အမျိုးသားရေးလှုပ်ရှားမှု သတင်းစာပညာအတွက် ပဋိညာဉ်စာတမ်း ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့ရှာဖွေခြင်း၊ သတင်းအချက်အလက် မျှဝေခြင်းဆိုင်ရာ တာဝန်သိမှုမြှင့်တင်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းမျဉ်း စည်းကမ်းများကို အားကောင်းပြီး ပြည်သူများလိုက်နာမှုရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။

(၃) အင်ဒိုနီးရှား – သတင်းတု၊ သတင်းမှား ကာကွယ်တိုက်ဖျက်ရေးအတွက် ၂၀၂၄ ခုနှစ်တွင် ပြဋ္ဌာန်းသော အီလက်ထရောနစ် သတင်းအချက်အလက်နှင့် လွှဲပြောင်းမှုများဆိုင်ရာ ဥပဒေ၊ ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပြည်သူ့သတင်းအချက်အလက် ပွင့်လင်းမြင်သာမှုဆိုင်ရာ ဥပဒေ၊ ၁၉၉၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော စာနယ်ဇင်းဥပဒေ၊ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပြည်သူ့ဆက်သွယ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်၊ ၂၀၂၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကိုယ်ရေးကိုယ်တာအချက်အလက် ကာကွယ်ရေးဥပဒေ၊ သတင်းတု၊ သတင်းမှား ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များဖြစ်သော အမျိုးသားအဆင့် ဒစ်ဂျစ်တယ်သိနားလည်မှုအစီအစဉ်၊ အကြောင်းအရာ စစ်ထုတ်တတ်ခြင်းကျွမ်းကျင်မှု၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှု၊ စည်းကမ်းတင်းကျပ်မှုနှင့် စာနယ်ဇင်းကောင်စီတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(၄) လာအို – လာအိုနိုင်ငံတွင်း သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရန် နိုင်ငံလုံးဆိုင်ရာ ယန္တရားများနှင့် ပတ်သက်သည့် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှု မရှိသေးကြောင်းနှင့် သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးအတွက် သမားရိုးကျမီဒီယာများကို အဓိကထား အခြေခံဆောင်ရွက်လျက်ရှိပါသည်။

(၅) မလေးရှား – သတင်းတု၊ သတင်းမှား ဖြန့်ဝေသူများကို တရားဥပဒေအရ အရေးယူခြင်းသည် အခြေခံအုတ်မြစ်အဖြစ် ပြဋ္ဌာန်းပေးသော ရာဇသတ်ကြီးနှင့် ဆက်သွယ်ရေးနှင့် မာတီမီဒီယာအက်ဥပဒေ( ၁၉၉၈)၊ သတင်းအချက်အလက်များကို အတည်ပြုရန် Artificial Intelligence (AI) Chatbot ကို တီထွင်ထားပြီး မှားယွင်းနေသော အချက်များကို လျင်မြန်စွာဖော်ထုတ်နိုင်သည်။ တိကျသော သတင်းအချက်အလက်အမှန်များကို ပြည်သူများထံ

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

ကူညီတုံ့ပြန်ပေးနိုင်သဖြင့် သတင်းမှားပျံ့နှံ့မှုကို လျှော့ချရန် အထောက်အကူဖြစ်ပါသည်။ အသိပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းအနေဖြင့် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် သတင်းတု၊ သတင်းမှားများကို မည်ကဲ့သို့ဖော်ထုတ်ရမည်၊ မည်ကဲ့သို့ ရှောင်ရှားရမည် စသည်ဖြင့် လူထုအား ပညာပေးသည့် မီဒီယာသိနားလည်မှု သင်တန်းအစီအစဉ်များကို ကျောင်းများ၊ တက္ကသိုလ်များ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုအသိုက်အဝန်းအဖွဲ့အစည်းများထံ အဓိကထား အသိပညာဖြန့်ဝေလျက်ရှိပါသည်။ အများပြည်သူဝန်ဆောင်မှု ကြေညာချက်များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အွန်လိုင်းအရင်းအမြစ်များမှတစ်ဆင့် အသိပညာပေး ဖြန့်ဝေလျက်ရှိပါသည်။ အချက်အလက်စစ်ဆေးခြင်း ကွန်ရက်များအနေဖြင့် ဆိုရှယ်မီဒီယာနှင့် အခြားပလက်ဖောင်းများပေါ်တွင် ပျံ့နှံ့နေသည့် သတင်းနှင့်အချက်အလက်များ၏ မှန်ကန်မှုကို အတည်ပြုပေးနိုင်သည့် အချက်အလက်စစ်ဆေးရေး ပေါ်တယ်လ် (Fact Checking Portal) တစ်ခုကို လွှင့်တင်ထားပါသည်။ အဆိုပါ Portal သည် မှားယွင်းနေသော အချက်များကို လျင်မြန်စွာဖော်ထုတ်နိုင်ပြီး တိကျသော သတင်းအချက်အလက်အမှန်များကို ပြည်သူများထံ ကူညီတုံ့ပြန်ပေးသည့်အတွက် သတင်းမှားများ ပျံ့နှံ့မှုကို လျှော့ချရန် အထောက်အကူဖြစ်ပါသည်။ အစိုးရ သတင်းထုတ်ပြန်ချက်များကို ဖုန်းများသို့ မက်ဆေ့အတိုများ ပေးပို့အသိပေးခြင်း (ဥပမာ - ကပ်ရောဂါကာလအတွင်း အရေးပေါ်ကြေညာချက်များကိုထုတ်ပြန်ခြင်း)၊ အေဂျင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုအနေဖြင့် သတင်းတုများတိုက်ဖျက်ရန် အထူးလုပ်ငန်းအဖွဲ့ကို အစိုးရအေဂျင်စီများဖြင့် ၂၀၂၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းခွင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မလေးရှားအစိုးရသည် သတင်းတုများကို ဖော်ထုတ်ဖယ်ရှားရန် Facebook, Twitter, Whats App ကဲ့သို့သော ပလက်ဖောင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ သတင်းတု၊ သတင်းမှား တိုက်ဖျက်ရန်အတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ချိန်ခွင်လျှာညှိရန် စည်းမျဉ်းစည်းကမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ပြစ်မှု၊ ပြစ်ဒဏ်များကို အများပြည်သူ သိရှိနားလည်လိုက်နာစေရန် နည်းလမ်းမျိုးစုံဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

(၆) မြန်မာ - ပြန်ကြားရေးဝန်ကြီးဌာနသည် မှန်ကန်သော သတင်းနှင့် အချက်အလက်များကို ရုပ်သံမီဒီယာနှင့် ပုံနှိပ်မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ဖြန့်ဝေပေးရုံသာမက သတင်းအဆိပ်သင့်ခြင်းအန္တရာယ်ကို ကာကွယ်သည့်အနေဖြင့် MOI Website, Facebook Page, X(Twitter), Blog, Telegram, VK နှင့် YouTube တို့မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းမှန်များကို ထုတ်လွှင့် ပြန်ကြားပေးလျက်ရှိပါသည်။ MOI News Application ကို Mobile ဖုန်းများမှ အလွယ်တကူ တိုက်ရိုက် ဝင်ရောက်ကြည့်ရှုအသုံးပြုနိုင်စေရန်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။ ဌာနတွင်း သတင်းစောင့်ကြည့်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုများကိုလှုံ့ဆော်ပေးသည့် သတင်းတု၊ သတင်းမှားများကို ဖြန့်ဝေနေသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၊ အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများနှင့် လူပုဂ္ဂိုလ်များကို စောင့်ကြည့်ဖော်ထုတ်၍ အဆိုပါ သတင်းတုများကို မှန်ကန်သော သတင်းအချက်အလက်များ ထုတ်ပြန်၍ တန်ပြန်အသိပေးဖြန့်ဝေလျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး နေ့စဉ်ဖြစ်ပေါ်နေသော သတင်းတု/ သတင်းမှားများကို အချိန်နှင့်တစ်ပြေးညီ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများနှင့် အွန်လိုင်းမီဒီယာမျိုးစုံက သတင်းမှန်များကို ထိရောက်လျင်မြန်စွာ တုံ့ပြန်ထုတ်လွှင့်ဖြန့်ချိလျက်ရှိပါသည်။ သတင်းမီဒီယာနှင့် ပတ်သက်ဆက်နွှယ်သည့် ဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ခေတ်ကာလအခြေအနေများအပေါ် မူတည်ပြီး ပြဋ္ဌာန်းထုတ်ပြန် ဆောင်ရွက်ထားပါသည်။ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုနှင့်ပတ်သက်၍ ပြည်သူများသိရှိလာစေရန် လူထုအခြေပြုမီဒီယာနှင့် အခြေခံသင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်သင်ကြားခြင်းနှင့် အသိပညာဖြန့်ဝေသည့် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ ပွဲတော်များတွင်လည်း မီဒီယာနည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(၇) ဖိလစ်ပိုင် - အွန်လိုင်းတွင် သတင်းမှားများ ပျံ့နှံ့မှုကို တားဆီးရန်ရည်ရွယ်၍ ဆိုက်ဘာရာဇဝတ်မှုတားဆီးရေးဥပဒေ (၂၀၁၂)တွင် သတင်းတုများ ဖြန့်ဝေခြင်းကို ကိုင်တွယ်ဖြေရှင်းရန် အသုံးပြုနိုင်သည့် ဆိုက်ဘာအသရေဖျက်မှုဆန့်ကျင်ရေး ပြဋ္ဌာန်းချက်များလည်း ပါဝင်သည်။ အင်တာနက်ပေါ်တွင် မှားယွင်းသောအကြောင်းအရာများ ထုတ်ဝေခြင်းနှင့် ပျံ့နှံ့ခြင်းတို့ကို တားမြစ်သည့်ဥပဒေတွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် တရားဝင်ထုတ်ဖော်ပြောဆိုမှုကြား အနေအထားကို ဟန်ချက်ညီစေပြီး မှားယွင်းသော သတင်းအချက်အလက်များ အွန်လိုင်းပေါ်တွင်ပျံ့နှံ့မှုကို တိုက်ဖျက်ပါသည်။ ပြည်သူများ သတင်းအချက်အလက် ဝေဖန်အကဲဖြတ်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် Google၊ Meta(Facebook)၊ Tiktok နှင့် X(Twitter) ကဲ့သို့သော လူမှုမီဒီယာကုမ္ပဏီများနှင့် ပူးပေါင်းခဲ့သည်။ MIL for ASEAN Network၊ Philippine Association for Media and Information Literacy (PAMIL) Philippine Association of Communication Educators (PACE) အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မီဒီယာသိနားလည်တတ်မြောက်မှုကိုမြှင့်တင်သည့် အစီအစဉ်များကို ဆောင်ရွက်၍ ပြည်သူများ ဝေဖန်ပိုင်းခြားတတ်သော အသိပညာများပေးခဲ့ပါသည်။ Sa True Lang ဟု အမည်ပေးထားသည့် ရုပ်မြင်သံကြားနှင့် ရေဒီယို ဟောပြောချက်အစီအစဉ်အသစ်ကို ထုတ်လွှင့်၍ မီဒီယာတတ်မြောက်မှုကိုမြှင့်တင်ရန်၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို အားပေးရန် ဆောင်ရွက်နေပါသည်။ တာဝန်သိ ဆိုရှယ်မီဒီယာအသုံးပြုမှုအတွက် ရှင်းလင်းသောစံနှုန်းများကို ချမှတ်ပေးမည့် အစိုးရအေဂျင်စီများအတွက် လူမှုမီဒီယာလမ်းညွှန်ချက်များ လက်စွဲစာအုပ်ကိုလည်း ထုတ်ဝေထားပါသည်။

(၈) စင်ကာပူ - အများပြည်သူအကျိုးစီးပွားကို ဆန့်ကျင်သည့် အွန်လိုင်းလိမ်လည်လှည့်ဖြားမှုမှ အကာအကွယ်ပေးသည့်ဥပဒေ (Protection from Online Falsehoods and Manipulation Act, POFMA) ကို သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန်အတွက် ပြဋ္ဌာန်းခဲ့သည်။ ဘဝအတွက် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု မူဘောင်နှင့် အရင်းအမြစ်၊ နားလည်မှု၊ သုတေသနနှင့် အကဲဖြတ်မှု စသည့်အချက်များသည် ၎င်းတို့ နိုင်ငံသားများအတွက် သတင်းအမှန်နှင့် အမှားကို ခွဲခြားနည်းအပါအဝင် မရှိမဖြစ်လိုအပ်သော ဒစ်ဂျစ်တယ်အသိပညာနှင့် ကျွမ်းကျင်မှုများပင်ဖြစ်ကြောင်း နားလည်လက်ခံကျင့်သုံးစေရန် ဆောင်ရွက်လျက်ရှိပါသည်။ စင်ကာပူသည် AI နှင့် ထုတ်လုပ်လိုက်သော သတင်းမှားများနှင့် ပုံမှားရိုက်ခြင်း (Deepfakes) များအပေါ် စိတ်ပူလျက်ရှိပြီး Generative AI ဖြင့် ဖန်တီးထားသည့် သတင်းမှားများနှင့် Deepfakes များသည် မည်သူမဆို ဖန်တီးရန်လွယ်ကူပြီး ကုန်ကျစရိတ်သက်သာကာ အဆင့်မြင့်သောကြောင့် အမှား/အမှန်ဝေခွဲရန် ခက်ခဲသည့်အတွက် ၎င်းကိုကာကွယ်တားဆီးရန် အဖြေရှာလျက်ရှိပါသည်။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများနှင့် စာတိုပေးပို့ခြင်း App များ ပျံ့နှံ့မှုများပြားလာခြင်းကြောင့် သတင်းမှားများကို မကြုံစဖူး အမြန်နှုန်းအတိုင်းအတာဖြင့် ပျံ့နှံ့နေသဖြင့် POFMA ဥပဒေသည် စင်ကာပူနိုင်ငံအတွင်းရှိ ဆိုရှယ်မီဒီယာ သုံးစွဲသူများအနေဖြင့် ပုံမှားရိုက်ခြင်း ( Deepfakes) အပါအဝင် ဆိုးရွားပြီး အန္တရာယ်ဖြစ်စေသော သတင်းမှားများ အသုံးပြုခွင့်ကို ဖယ်ရှားရန် (သို့မဟုတ်) ပိတ်ပင်ရန် အစိုးရက ထိန်းချုပ်ဆောင်ရွက်ပါသည်။ စင်ကာပူသည် AI ကဲ့သို့သော အွန်လိုင်းအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်၊ ဆန်းသစ်သော ဖြေရှင်းနည်းများ တီထွင်ရန်၊ အစိုးရ၊ စက်မှုလုပ်ငန်း၊ ပညာရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို စုစည်းပြီး ၂၀၂၄ ခုနှစ် မေလတွင် Advanced Technologies In Online Safety ကို စတင်ခဲ့ပြီး ငါးနှစ်အတွင်း ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

(၉) ထိုင်း - ထိုင်းအမျိုးသားသတင်းဗျူရိုသည် သတင်းတုများကို ကိုင်တွယ်ဖြေရှင်းရန် အလယ်တန်း ကျောင်းသားကျောင်းသူများအကြား မီဒီယာသိနားလည်မှုကို မြှင့်တင်သည့် လှုပ်ရှားမှုများစွာကို အကောင်အထည်ဖော်ခဲ့ပါသည်။ ထင်ရှားသော လှုပ်ရှားမှုတစ်ခုမှာ ၂၀၂၃ ခုနှစ်တွင် ကျင်းပသည့် "Campaign for Creative and Media – Literate Use of Media" ဖြစ်ပြီး လူငယ်ကျောင်းသား ကျောင်းသူများအား ဒစ်ဂျစ်တယ်သတင်းအချက်အလက် အခင်းအကျင်းအတွက် လိုအပ်သော ဝေဖန်ပိုင်းခြား တွေးခေါ်နိုင်စွမ်းရည်များ မြှင့်တင်ပေးရန် စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအပြင် ထိုင်းအမျိုးသားသတင်းဗျူရိုသည် မီဒီယာသိနားလည်မှုကို မြှင့်တင်ရန်နှင့် ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာ အသိပညာကိုမြှင့်တင်ရန် Tiktok ကဲ့သို့သော နာမည်ကြီးပလက်ဖောင်းများကို အသုံးချခဲ့ပါသည်။ မိနစ် ၃၀ ရှိသော အွန်လိုင်းအစီအစဉ်တစ်ခုဖြစ်သည့် "ဒါဆို ဒါပါပဲ" "So that's how is It" သည် ပရိသတ်အများစု နှစ်သက်သည့်ပုံစံဖြစ်သည့်အတွက် သက်ဆိုင်ရာ အကြောင်းအရာများကို ဟောပြောတင်ပြခြင်းဖြင့် မီဒီယာသိနားလည်မှုကို မြှင့်တင်နိုင်ခဲ့ပါသည်။ ဆွေးနွေးပွဲများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကြိုးပမ်းမှုများကို နိုင်ငံခြားဆက်ဆံရေးဌာန (PDR) မှ ဆောင်ရွက်ခဲ့ပါသည်။ ဒစ်ဂျစ်တယ်ခေတ်တွင် ပျံ့နှံ့နေသော သတင်းမှားများကို တိုက်ဖျက်ရာတွင် ထိုင်းနိုင်ငံ၏ သတင်းတု တိုက်ဖျက်ရေးဌာန (Anti– Fake News Center, AFNC)သည် အဓိကကျသည့် အဖွဲ့အစည်းဖြစ်ပါသည်။ အဓိက ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှာ အွန်လိုင်းလိမ်လည်မှုအတွက် တိုင်ကြားမှုစင်တာ(Online Fraud and Complaint Centre)၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဌာန(Anti–Online Scam Operation Centre)နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့၏ သတင်းတု တိုက်ဖျက်ရေးနှင့် (Anti–Fake News and Security Centre of the Royal Thai Police) ပါဝင်ပါသည်။

(၁၀) ဗီယက်နမ် - ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် သတင်းတုများနှင့် လုပ်ကြံသတင်းများ ပျံ့နှံ့မှုကိုဖြေရှင်းရန် ဥပဒေမူဘောင်များချမှတ်ခြင်း၊ လူမှုမီဒီယာပလက်ဖောင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အများပြည်သူ အသိပညာပေးလှုပ်ရှားမှုများ စသည့် ဘက်စုံချဉ်းကပ်နည်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အွန်လိုင်းပေါ်တွင် သတင်းမှားများပျံ့နှံ့မှုကိုတိုက်ဖျက်ရန် သတင်းတုများဖြန့်ဝေမှုကို ရာဇဝတ်မှုအနေဖြင့် သတ်မှတ်ပေးသော ရာဇဝတ်ကျင့်ထုံး ဥပဒေ(၂၀၁၅)၊ ဆိုက်ဘာလုံခြုံရေးဥပဒေ (၂၀၁၈)၊ အွန်လိုင်းသတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း၊ ပံ့ပိုးခြင်းနှင့် အသုံးပြုခြင်းတို့အပေါ် ထိန်းညှိသည့် အမိန့်အမှတ်များ၊ အနှောင့်အယှက် အွန်လိုင်းမက်ဆေ့များ၊ အီးမေးလ်များနှင့် ဖုန်းခေါ်ဆိုမှုများကို တားဆီးရန်အမိန့်၊ နိုင်ငံခြားအရင်းအမြစ်များမှ သတင်းအချက်အလက်များ ဝင်ရောက်လာမှုကို စီမံခန့်ခွဲရန် ရည်ရွယ်၍ နယ်စပ်ဖြတ်ကျော် ပြဋ္ဌာန်းချက်များအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားရှိပါသည်။ ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရထံမှ မဟုတ်မမှန်သတင်းများကို ချက်ချင်းဖယ်ရှားရန် တရားဝင်တောင်းဆိုလာပါက အမြန်ဆုံးဖယ်ရှားရမည်ဖြစ်ပါသည်။ သတင်းမှားဖြန့်ဝေသော အကောင့်တုများကို ထပ်ဆင့်မပြန့်ပွားအောင် ပိတ်ပင်ရန်လိုအပ်ပါက ပိတ်ရမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် Meta ကဲ့သို့သော လူမှုမီဒီယာကုမ္ပဏီများမှ ပံ့ပိုးပေးသော အသိပညာပေးလှုပ်ရှားမှုများစွာကို ဆောင်ရွက်ခဲ့ပြီး ၎င်းလှုပ်ရှားမှုများမှတစ်ဆင့် အွန်လိုင်းကို ဘေးကင်းစွာ အသုံးပြုနိုင်ရေးလမ်းညွှန်ချက်များ၊ Tiktok လှုပ်ရှားမှုနှင့် အွန်လိုင်းလိမ်လည်မှုရှာဖွေခြင်း လှုပ်ရှားမှုများကို ဖြန့်ဝေဆောင်ရွက်လျက်ရှိပါသည်။

## ကာကွယ်ရေးတာဝန်

သတင်းတု၊ သတင်းမှားများ၏ အန္တရာယ်သည် တစ်ဦးတစ်ယောက်ချင်းစီသာမက မိမိနိုင်ငံ၏ အချုပ်အခြာပိုင်ဆိုင်မှုအရာမှန်သမျှ ထိခိုက်ပျက်ပြားနိုင်သောကြောင့် ပြည်သူတစ်ဦးချင်းစီမှ အမှားအမှန်ဝေဖန်ပိုင်းခြား သိရှိနိုင်စွမ်းရှိရေးသည် အရေးကြီးသောအချက်ဖြစ်ပါသည်။ သတင်းတု၊ သတင်းမှား၊ သတင်းလိမ်၊ လုပ်ကြံသတင်းများကို ယုံကြည်မိ၍ လိုက်ပါလုပ်ဆောင်မှုများကြောင့် မိမိကိုယ်တိုင်၏ အကျိုးစီးပွားသာမက မိသားစု၊ ပတ်ဝန်းကျင်မှသည် မိမိတိုင်းပြည်နိုင်ငံအထိ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိဖြင့် သတင်းအချက်အလက်တိုင်းအပေါ် ဆန်းစစ်ယုံကြည် နားလည်လက်ခံဆောင်ရွက်နိုင်ကြခြင်းသည် သတင်းတု၊ သတင်းမှားများ၏ အန္တရာယ်မှ ကာကွယ်နိုင်သည့် အဓိကတာဝန်တစ်ရပ်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့ပေးအပ်ပွဲကျင်းပ

စစ်တွေ စက်တင်ဘာ ၂၃

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်အားပေးကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေမှု၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်နှင့်စားသောက်ဖွယ်ရာများ၊ ဆေးဝါးများကို အငြိမ်းစားဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ကြသည်။

အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့ပေးအပ်ခြင်း ဆောင်ရွက်ရာတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်နှင့် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးတို့ကအနီးကပ်ကြီးကြပ်ကာ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုတိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ နှလုံးရောဂါစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကြပြီး လိုအပ်သောဆေးဝါးများကို အခမဲ့ထုတ်ပေးကြသည်။ အလားတူ တိုင်းရင်းဆေးပညာဦးစီးဌာနကလည်း အငြိမ်းစားဝန်ထမ်းများအား တိုင်းရင်းဆေးဝါးများကို အခမဲ့ ထောက်ပံ့ပေးအပ်သည်။



ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာငွေများထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှစတင်၍ ပင်စင်လစာငွေများကိုထုတ်ပေးလျက်ရှိသည်။

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းကို စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ခိုင်သဇင်ခန်းမတို့တွင် အခါအားလျော်စွာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ရွှေတောင်ခေါက်ဆွဲစက်ရုံ လည်ပတ်ထုတ်လုပ်နေမှုနှင့် တောင်သူအသိပညာပေး မြေဩဇာကြဲပက်ပွဲ ကြည့်ရှုအားပေး

မြစ်ကြီးနား စက်တင်ဘာ ၂၃

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း စားရေရိက္ခာဖူလုံရေးအတွက် ဆန်နှင့် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပူတာအိုမြို့၌ ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီတွင် ပူတာအိုမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်မောင်ထွေး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စစ်ဗျူဟာအဖွဲ့(အခြေချ) ပူတာအို စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ရဲဟိန်း၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်အတွင်း ပြည်နယ်အစိုးရအဖွဲ့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဒုတိယနှစ်စက်ဝန်းမှ လုပ်ငန်းပုံမှန်လည်ပတ်နိုင်ရေး မတည်ငွေကျပ်သိန်း ၂၀၀ ပံ့ပိုးမတည်ပေးထားသည့် ရွှေတောင်ခေါက်ဆွဲလုပ်ငန်းသို့



သွားရောက်ပြီး ဆန်ခေါက်ဆွဲစက်လည်ပတ်ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ ဈေးကွက်ဖြန့်ဝေရောင်းချနိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး ခေါက်ဆွဲစက်အဆင့်မြှင့်တင်လည်ပတ်နိုင်ရေးနှင့် နည်းပညာကူညီပံ့ပိုးမှုများ ချိတ်ဆက်ပံ့ပိုးပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့နယ် ပူတောင်းကျေးရွာအုပ်စု ပူတောင်းကွင်းအတွင်း မိုးစပါးရာနှုန်းပြည့်စိုက်ပျိုးထားရှိမှုနှင့် စပါးသီးနှံများ စတင်ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မုဒုံကွင်းအတွင်း တောင်သူအသိပညာပေး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ထွေးက မိုးစပါးစိုက်ကွင်းများအတွင်း ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သတ်မှတ်သက်တမ်းအလိုက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ကြဲပက်ပေးရမည့် အစီအစဉ်နှင့် ဘဏ္ဍာနှစ်အလိုက် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဒေသတွင်း ဆန်ဖူလုံရေး သုံးနှစ်စီမံကိန်းဖြင့် ဆင်းကေရီ-၃ အထွက်တိုး မျိုးစပါး ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့မှုအခြေအနေများ၊ ၂၀၂၄-၂၀၂၅ ခုနှစ် မြို့နယ်အလိုက် မျိုးစပါးကွဲများ စိုက်ပျိုးထုတ်လုပ်နိုင်မည့်အခြေအနေများကို တောင်သူများအား အသိပညာပေးရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများသည် မုဒုံကွင်းတောင်သူ ဦးအေးသောင်း၏ ဆင်းကေရီ -၃ မိုးစပါးစိုက်ခင်းအတွင်း တောင်သူအသိပညာပေး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်၍ကြဲပက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သဃ်္ဃနိုက်ကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ခရိုင်နှင့်မြို့နယ် အလုပ်အမှုဆောင်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဃ်္ဃနိုက်ကျွန်းခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းစေတီတော် မဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်



ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားပြီး ဗဟို/တိုင်းဒေသကြီး/ခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဃ်္ဃနိုက်ကျွန်းခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်များအား ခန့်အပ်လွှာများပေးအပ်သည်။ ဆက်လက်၍ သဃ်္ဃနိုက်ကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စည်သူက အသင်း၏ရည်ရွယ်ချက်များ၊ ရှေ့ဆက်လုပ်ဆောင်သွားမည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး သဃ်္ဃနိုက်ကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က မိုးကောင်းစေတီတော် မဟာသာသနာ့ဗိမာန်တော်ကြီးအတွက် လှူဒါန်းသော အလှူငွေကျပ် ၂၅၀၀၀၀၀ ကို သဃ်္ဃနိုက်ကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စည်သူက ပေးအပ်လှူဒါန်းရာ မဟာသာသနာ့ဗိမာန်တော်ကြီးဥက္ကဋ္ဌဦးဌေးဝေက လက်ခံရယူခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# လှိုင်းတက်နယ်မြေ မီးသတ်စခန်းက သောက်သုံးရေ လှူဒါန်း

သာစည် စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် စက်တင်ဘာ ၁၀ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ ရေဝင်ရောက်ခဲ့သည့် လှိုင်းတက်ကျေးရွာအုပ်စု ကန်ကြီးအောက်ဘုန်းတော်ကြီးကျောင်းသို့ လှိုင်းတက်နယ်မြေမီးသတ်စခန်းက စက်တင်ဘာ ၂၃ ရက်တွင် ဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်ဖြင့် သောက်သုံးရေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အထက်မင်းလှမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုး ထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

**အထက်မင်းလှ စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု မယ်ဇလီတောကျေးရွာတွင် စပါး၊ နှမ်း၊ ပဲမျိုးစုံသီးနှံနှင့် စားဖိုဆောင်သီးနှံများကို စိုက်ပျိုးလျက်ရှိပြီး ပဲတီစိမ်း ဧက ၂၀ စိုက်ပျိုးထားရှိရာ ဇွန်လတွင် စတင်စိုက်ပျိုး၍ စက်တင်ဘာလတွင် ခူးဆွတ်ရကြောင်းသိရသည်။

မျိုးအနေဖြင့် မြကြေးမုံမျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့လေးပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်သုံးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၃-၁၅ တင်းခန့်ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံအထွက်နှုန်းအပေါ်မူတည်၍ အထွက်နှုန်းများကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀-၆၃၀၀၀ ဖြင့်ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းခန့် အမြတ်ရရှိကြောင်း၊ ပြည်တွင်းဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် မန္တလေးမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ကြောင်းသိရသည်။



# နတ်တလင်းမြို့နယ်၌ ကီလိုမာလကာသီးစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

**နတ်တလင်း စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်ရှိ ကျေးရွာများ၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မြေအမျိုးအစားမရွေး ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးရန်လွယ်ကူသောနှစ်ရှည်ပင်သီးနှံတစ်မျိုးဖြစ်သည့် ကီလိုမာလကာသီးကိုကုန်းကြီးကျေးရွာတွင် စီးပွားဖြစ် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။



မျိုးအနေဖြင့် ၇-၈ လသားအရွယ်ရှိ ကီလိုမာလကာ ကိုင်းကူးပျိုးပင်များကို အစိုဓာတ်ကောင်းမွန်စွာရရှိသည့် ဇွန်လနှင့် ဇူလိုင်လ (မိုးဦးကာလ)များတွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ပင်ခြားတန်းခြား ၁၁ ပေ အကွာဖြင့် စိုက်ဧက တစ်ဧကလျှင် ကီလိုမာလကာပင် ၃၂၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်သိန်း ၅၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်သားအရွယ်ခန့်တွင် အသီးများကို စတင်ခူးဆွတ်နိုင်ပြီး နွေရာသီတွင် ရေလောင်း၊ ရေသွင်းခြင်းဖြင့် အပင်များကိုပြုစုပေးပါက ကီလိုမာလကာသီးများကို တစ်နှစ်ပတ်လုံးရရှိနိုင်ကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာတစ်ပင်အတွက် ပျမ်းမျှအလုံးရေ ၁၅၀-၂၀၀ ခန့် ထွက်ရှိရာ တစ်ဧကအတွက် ပျမ်းမျှအလုံးရေ ၄၈၀၀၀ ထွက်ရှိကြောင်း၊ အကျိုးအမြတ်အဖြစ် ကီလိုမာလကာ တစ်ဧကအတွက် တစ်နှစ်လျှင် ငွေကျပ်သိန်း ၁၁၀ ခန့် ရရှိကြောင်း၊ ဈေးနှုန်းအနေဖြင့်စက်တင်ဘာလတတိယပတ်တွင် ကီလိုမာလကာသီး လက်ကားဈေး တစ်လုံးလျှင် ငွေကျပ် ၃၅၀-၄၀၀ ဖြင့် ရောင်းချရပြီး ဒေသတွင်းအပြင် ကြို့ပင်ကောက်၊ ဇီးကုန်း၊ ပေါင်းတည်၊ တာပွန်မြို့များနှင့် အခြားမြို့နယ်များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

# မယ်ဇလီတောကျေးရွာ၌ ပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**အထက်မင်းလှ စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ ပန်းတော်ပြင်ကျေးရွာအုပ်စု မယ်ဇလီတောကျေးရွာတွင် သီးနှံမျိုးစုံ စိုက်ပျိုးကြပြီး ပြောင်းသီးနှံများကို ၁၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**နှစ်လကျော်အကြာတွင် ခူးဆွတ်ရ**

ပြောင်းသီးနှံကို ဩဂုတ်လလယ်တွင် စတင်စိုက်ပျိုးပြီး နှစ်လကျော်အကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သကြားပြောင်းနှင့် ပြောင်းစီး(အဖြူ)မျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ် လေးထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၄၀၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်း အောင်မြင်မှုအပေါ်မူတည်၍ သီးနှံအထွက်နှုန်း ကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပြောင်းဖူး တစ်ဖူးလျှင် လက်ကားဈေးငွေကျပ် ၃၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ်ရှစ်သိန်းခန့် အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# မင်းလှမြို့နယ် တူးမြောင်းကျေးရွာ၌ ဗုံလုံသီး(ခေါ် )ပဲလင်းမြွေသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**မင်းလှ စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် တူးမြောင်းကျေးရွာတွင်သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ဗုံလုံသီး (ခေါ်) ပဲလင်းမြွေသီးကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိကြောင်း၊ ဗုံလုံသီးကို မိုးဦးကာလဖြစ်သည့် မေလနှင့် ဇွန်လတို့တွင် လည်းကောင်း၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် လည်းကောင်း စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရာတွင် ရေသွင်း၊ရေတင်စနစ်ဖြင့် ဘောင်ခတ်၍လည်းကောင်း၊ စိုက်ကျင်းတူး၍လည်းကောင်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး တစ်လခန့်အကြာတွင် စင်ထိုး၍ ဗုံလုံသီးအနွယ် (အညွန့်)များကို စင်ပေါ်တင်ပေးရပြီး နှစ်လခန့်အကြာတွင် အသီးများခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ တစ်ဧကလျှင် အတောင့်ရေ ၄၀၀၀-၄၃၀၀ ခန့်ထွက်ရှိပြီး စက်တင်ဘာလ တတိယပတ်တွင် လက်ကားဈေး တစ်တောင့်လျှင် ငွေကျပ် ၅၀၀-၅၅၀ ဖြင့် ရောင်းချရကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့နယ်မှ ထွက်ရှိသော ဗုံလုံသီးများကို မြို့နယ်အတွင်း ရောင်းချမှုအပြင် ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသို့ တင်ပို့ရောင်းချလျက်ရှိရာ တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိသည့်အတွက် ဗုံလုံသီး သီးနှံများကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလာကြကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၂၃-၉-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၈၀၀၀ | - | ၁၉၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၄၅၀ | ၃၄၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၇၈၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၄၂၀၀ | | ၈၅၀၀ | ၂၂၀၀၀ | ၇၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | | | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၄၆၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၁၈၅၀၀ | ၇၆၈၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၉၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၈၆၀၀ | ၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၇၃၀၀ | ၇၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၄၀၀၀ | ၇၂၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၇၂၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၇၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၁၂၈၀၀ | ၁၂၈၀၀ | ၁၉၈၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၇၉၀၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၄၀၀ | ၂၁၀၀၀ | ၇၈၅၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၇၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၃၃၀၀ | | ၅၈၀၀ | ၁၈၅၀၀ | ၇၈၀၀ | ၉၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၇၅၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၂၆၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | | ၈၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၁၆၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၁၅၀၀ | ၇၇၂၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၄၀၀၀ | ၁၇၅၀၀ | ၈၅၀၀ | ၄၄၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၁၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၁၅၀၀ | ၇၇၂၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၄၈၀၀ | ၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၁၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၇၅၀၀ | ၂၃၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၇၀၀၀ |

✶ **ကျောဖုံးမှ**

ပြေးဆွဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ရန်ကုန်-သာစည် အမှတ်(၁၁) အဆန် လူစီးအမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၅ နာရီတွင် ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၈ နာရီခွဲတွင် ဆိုက်ရောက်ပြီး သာစည်-ရန်ကုန် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားသည်လည်း သာစည်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ည ၉ နာရီခွဲတွင် ရောက်ရှိပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန် - သာစည်ခရီးစဉ် လူစီးရထားများဖြင့် ပြေးဆွဲပေးနေမှုအပေါ် ခရီးသည်စီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေ တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ဝမ်းတွင်းမြို့နယ် သဲတောနှင့် သပြေတောင်းကြား ရထားလမ်းတာပေါင်နှင့် တံတားများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြီးပါက ရန်ကုန်-မန္တလေး ရထားခရီးစဉ်များကို ပုံမှန်အတိုင်း ပြေးဆွဲပေးသွားနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

○ **လေဖိအားနည်းဆဲလ်မှ အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❋ **တိုက်စစ်မှူး ဟာလန်းမှ**

၈၅ မိနစ်ရှိတိုင်း သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဟာလန်းအနေနဲ့ မန်စီးတီးအသင်းနဲ့အတူ ပွဲစဉ် ၁၀၅ ပွဲမှာ သွင်းဂိုး ၁၀၀ ပြည့်ခဲ့တာဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ် ဟာလန်းဟာ ယခုဘောလုံးရာသီရဲ့ ပထမပွဲစဉ်ငါးပွဲမှာ သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဟာလန်းအနေနဲ့ မိုလ်ဒီအသင်း၊ ဆဲလ်ဘတ်အသင်း၊ ဒေါ့မွန်အသင်း၊ မန်စီးတီးအသင်းတို့နဲ့အတူ ကလပ်အသင်းသွင်းဂိုး ၂၃၅ ဂိုး ရှိလာခဲ့ပြီး နော်ဝေနိုင်ငံလက်ရွေးစင်အသင်းအတွက် ၃၂ ဂိုးသွင်းယူထားတာဖြစ်ပါတယ်။ မန်စီးတီးအသင်းနဲ့အတူ အခုလို သွင်းဂိုး ၁၀၀ ပြည့်ခဲ့ခြင်းဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဆီ ရောက်ရှိစဉ် ပွဲစဉ်အနည်းငယ်ပါဝင်ကစားခဲ့စဉ် တင်ရှိခဲ့တဲ့စံချိန်နဲ့ ညီမျှခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဟာလန်အနေနဲ့ မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်မှာ ၇၃ ဂိုး၊ ချန်ပီယံလိဂ်မှာ ၁၈ ဂိုး၊ အက်ဖ်အေပြိုင်ပွဲမှာ ရှစ်ဂိုးနဲ့ ကာရာဘောင်ဖလားပြိုင်ပွဲမှာ တစ်ဂိုးသွင်းယူထားတာဖြစ်ပါတယ်။ ဟာလန်းဟာ ၂၀၂၂ ခုနှစ်အတွင်းက ဒေါ့မွန်အသင်းကနေ မန်စီးတီးအသင်းဆီကို ပြောင်းရွှေ့ကြေး ပေါင် ၅၁ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ဒေါ့မွန်အသင်းမှာကစားစဉ်က ၈၉ ပွဲမှာ ၈၆ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**




# ကာတာ ယူ-၁၇ အသင်းနှင့် ခြေစမ်းပွဲကစားရန် မြန်မာ ယူ-၁၇ အသင်း ထွက်ခွာ



**ရန်ကုန် စက်တင်ဘာ ၂၃**

အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် ယူ-၁၇ အသင်းသည် ကာတာယူ - ၁၇ အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် စက်တင်ဘာ ၂၃ ရက် ညနေပိုင်းက ထွက်ခွာသွားသည်။

မြန်မာ ယူ-၁၇ အသင်းသည် အာရှဖလား ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် စက်တင်ဘာ ၂၆၊ ၂၈ ရက်တို့တွင် ကာတာ ယူ-၁၇ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကစားသမား ၂၆ ဦး ခေါ်ဆောင်သွားသည်။ ယင်းခရီးစဉ်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဂျပန်နိုင်ငံသား မီတမီချီတယုလည်း လိုက်ပါသွားသည်။ မြန်မာ ယူ-၁၇ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးမြတ်မင်း၊ နည်းပြချုပ် ဦးအောင်ဇော်မျိုး၊ လက်ထောက်နည်းပြ ဦးမြတ်မင်းသူ၊ ဦးထွန်းနောင်ဦး၊ ဂိုးနည်းပြ ဦးမြကိုမင်း၊ ဆရာဝန် ဒေါက်တာအောင်ကျော်ဦး၊ အသင်းအတွင်းရေးမှူး ဦးဇာနည်အုဏ်းခင်၊ မီဒီယာ ဦးဝင်းကိုကို၊ အကြောကျွမ်းကျင် ဦးသူရတိုး၊ ကစားသမားများအဖြစ် ဂိုးသမား ရှိုင်းထက်ကျော် (Junior Lions FC)၊ ထက်ဝေယံ (Junior Lions FC/ ISPE YGN)၊ ဖုန်းပြည့်စုံဦး (Rakhine United U-20 FC)။ နောက်တန်း- အောင်သီဟ (ရခိုင်ယူနိုက်တက်ယူ-၁၇)၊ သီဟအောင် (Junior Lions FC/ ISPE MDY)၊ စိုင်းမောဝ်ဟန်၊ မျိုးခန့်ကျော် (မန္တလေး MFF အကယ်ဒမီ)၊ ဇေထက်အောင် (Junior Lions FC)၊ ဘုန်းမြတ်သူ၊ ဥာဏ်အောင် (ရှမ်း ယူ-၁၇)၊ ထက်ရှားအောင် (ရန်ကုန် MFF အကယ်ဒမီ)၊ ကောင်းခန့်သူ (Junior Lions FC)။ အလယ်တန်း- သော်ဇင်ကို၊ အောင်ပြည့်ဖြိုး၊ သူရမင်းသန့် (ရန်ကုန် MFF အကယ်ဒမီ)၊ ကျော်သီဟ၊ ဘေလားဖုန်ရမ်၊ ကျော်ညီညီ (မန္တလေး MFF အကယ်ဒမီ)၊ စိုင်းစွမ်ဆိုင်၊ ခွန်မောင်လုံး၊ ကြယ်ရောင်မင်းလေး (ရှမ်း ယူ-၁၇)၊ စွမ်းဇာနည် (ရခိုင်ယူနိုက်တက် ယူ-၁၇)။ ရှေ့တန်း-ခန့်ဝင်းအောင် (မန္တလေး MFF အကယ်ဒမီ)၊ ညီညီသန့် (ရခိုင်ယူနိုက်တက် ယူ-၁၇)၊ ဉာဏ်စိုးစံ (နေပြည်တော်ယူနိုက်တက် ယူ-၁၇) နှင့် စိုင်းဘိုဘိုကျော် (ရှမ်း ယူ-၁၇) တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၁၇ အသင်းသည် ၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် ပြင်ဆင်မှုအဖြစ် Junior Lions FC အမည်ဖြင့် MNL ယူ-၂၀ ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာယူ-၁၇ အသင်းပါဝင်သည့် ၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စု (I) ကို အောက်တိုဘာ ၂၃ မှ ၂၇ ရက်အထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်၊ ယီမင်၊ ကာဂျစ္စတန် အသင်းတို့နှင့် ပါဝင်နေသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

# MNL ပြိုင်ပွဲ ပထမအကျော့အပြီးတွင် ဟံသာဝတီအသင်း ဒုတိယ၊ ရန်ကုန်အသင်း တတိယနေရာတွင် ရပ်တည်

**ရန်ကုန် စက်တင်ဘာ ၂၃**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်ကို စက်တင်ဘာ ၂၃ ရက်က ဆက်လက်ကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ဇယားအောက်ဆုံးတွင် ရောက်ရှိနေသည့် ရခိုင်ယူနိုက်တက်အသင်း၏ ရုန်းကန်မှုကြောင့် ဟံသာဝတီယူနိုက်တက်အသင်း ခက်ခက်ခဲခဲကစားခဲ့ရသော်လည်း မိနစ် ၇၀ နောက်ပိုင်း သွင်းယူသည့်ဂိုးများဖြင့် ဟံသာဝတီအသင်း ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ယခုနိုင်ပွဲကြောင့် ပထမအကျော့အပြီးတွင် အမှတ်ပေးဇယား ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။


ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဒုတိယပိုင်းမှ သွင်းဂိုးများ တွေ့မြင်ခဲ့ရသည်။ မိနစ် ၇၀ တွင် အောင်မြတ်သူက အဖွင့်ဂိုးသွင်းယူပြီး နောက်ပိုင်း ရခိုင်ယူနိုက်တက်အသင်း ခံစစ်ပြိုဆင်းသွားခဲ့ကာ ဂိုးများဆက်တိုက်ခွင့်ပြုခဲ့ရသည်။ ဟံသာဝတီအသင်းအတွက် တိုက်စစ်မှူးအောင်မြတ်သူက ၇၆၊ ၉၀+၃ မိနစ်တွင် နှစ်ဂိုးထပ်သွင်းကာ ဟက်ထရစ်၊ ၇၈ မိနစ်တွင် လားဒင်မောရက တစ်ဂိုး သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ် သွင်းယူခဲ့သည့် အောင်မြတ်သူက ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်း၏ ဦးဆောင်ဂိုးကြောင့် ရန်ကုန်ယူနိုက်တက်အသင်း နောက်မှလိုက်ကစားခဲ့ရပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၁၅ မိနစ်တွင် စောမျိုးဇော်က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ရန်ကုန်အသင်းအတွက် ချေပဂိုးကို ၅၄ မိနစ်တွင် ရန်ကျော်ထွေး၊ အနိုင်ဂိုးကို ၆၄ မိနစ်တွင် ရန်နိုင်ဦးတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် ရန်နိုင်ဦးက ရရှိသည်။

ပထမအကျော့ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေ့ဆိုင်းထားရသည့် ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့၏ လက်ကျန် ဒုတိယပိုင်း ၄၅ မိနစ်ကို စက်တင်ဘာ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ ပြန်လည်ကျင်းပမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၃၀ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး ဟံသာဝတီအသင်းက ၂၈ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၇ မှတ်၊ ဒဂုံစတား ယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၁၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၃ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ငါးမှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၇/၈)၊ လူနေရပ်ကွက် အမှတ်-ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ်-၁၀၊ ပုလဲလမ်း၊ အမှတ်(၁၀)ရှိ အကျယ်အဝန်း (၆၅ပေ x ၉၀ပေ)၊ (၅၈၅၀)စတုရန်းပေ၊ (၀.၁၃၄)ဧကရှိ ဦးလွင်ဦး(၉/မကန(နိုင်)၁၇၀၁၂၃)၊ ဒေါ်ကိုလေး(၉/မကန(နိုင်)၁၆၉၉၇၁)တို့အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးတင်ဆွေအောင်** (၁၃/တကန(နိုင်)၂၃၉၃၂၂)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူကဝယ်ယူရန်(၂၀-၉-၂၀၂၄)ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)
အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၈၅၅၅၀၂၄၄

---

## အမည်ပြောင်းလဲခြင်း

ဖေဖေ ဦးချမ်းငြိမ်းဦး–မေမေ ဒေါ်ငြိမ်းချမ်းဆုမွန်တို့၏ သားသားလေး မောင်ရဲရင့်ခန့်အား မောင်ငြိမ်းရဲသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

## အမည်ပြောင်း

ရန်ကင်းမြို့နယ်နေ (ဘ) ဦးဇော်လင်း၏ သား ရန်ကင်း TTC (အလက) Grade 2 (B) မှ မောင်ထူးထက်ဝရိန်လင်းအား မောင်ဖွဲ့ပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖွဲ့ပြည့်စုံ**

---

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ရန်ကင်း(၆)လမ်း၊ ကွင်းအမှတ်(၉၈၈–က၂)၊ ကွင်းအမည်(သာယာကုန်း)ကွင်း၊ ဦးပိုင်အမှတ်(၈၉/၁၂၃)၊ မြေလုပ်ကိုင်သူအမည် ဦးသိန်းထွန်းအေး(ခ)ဦးသန်းထွန်းအမည်ဖြင့် မြေခွန်ထမ်းဆောင်ထားသောမြေကွက် အလျား(၆၈/၈၈) x အနံ(၄၀)ပေမြေနှင့် မြေပေါ်ရှိ နေအိမ်အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်မြင့်ခိုင်ဝင်း(ဘ)ဦးအောင်သိန်းမြင့် [၁၂/အစန(နိုင်)၂၀၂၉၅၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်းပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မဥ္ဇူအေးသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၅၇) (၁၄–၃–၂၀၁၇)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း–၀၉–၅၀၄၁၄၈၃**

---

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

**( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၃၇၃ )**
**သန်လျင်ခရိုင်တရားရုံးတော်**
**၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၂၇**
**ကွယ်လွန်သူ ဦးသောင်းမြင့်ဦး ကျန်ရစ်သောပစ္စည်းအကြောင်း။**
**ဒေါ်သူဇာဝင်း ------------ လျှောက်ထားသူ**

